NATIONAL COMMUNITY DRIVEN DEVELOPMENT PROJECT

Project No: H814-MM and IDA Credit no: 56870

# လူထုဗဟိုပြုစီမံကိန်း

## စီမံကိန်းလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု သုံးလပတ်အစီရင်ခံစာ

## ၂၀၁၉ခုနှစ်    အောက်တိုဘာလမှ  ဒီဇင်ဘာလ  အထိ

(၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ        ရက်)

List of Abbreviations and Acronyms

| | | |
|---|---|---|
| BER | - | Bid Evaluation Report |
| BG | - | Block Grant |
| BGA | - | Block Grant Agreement |
| CFA | - | Community Force Account |
| CDD | - | Community-driven Development |
| DRD | - | Department of Rural Development |
| DSW | - | Department of Social Welfare |
| ECOPs | - | Environmental Codes of Practice |
| EMP | - | Environmental Management Plan |
| EOI | - | Expression of Interest (procurement document) |
| ESMF | - | Environmental and Social Management Framework |
| GESI | - | Gender Empowerment and Social Inclusion |
| GWG | - | Gender Working Group |
| MEB | - | Myanmar Economic Bank |
| NOL | - | No-Objection Letter (WB document) |
| OM | - | Operation Manual |
| PSC | - | Performance Security Guarantee |
| PMIS | - | Project Management Information System |
| RFP | - | Request for Proposals |
| RFQ | - | Request for Quotations |
| TOF | - | Training of Facilitators |
| TTF | - | Training of Technical Facilitators |
| TOT | - | Training of Trainers |
| TS | - | Township |
| TTA | - | Township Technical Assistance |
| UTA | - | Union Level Technical Assistance |
| VL | - | Village Leader |
| VTDSC | - | Village Tract Development Support Committee |
| VPSC | - | Village Project Support Committee |
| VTD | - | Village Tract Development Plan |
| VTPSC | - | Village Tract Project Support Committee |

# မာတိကာ

စီမံခန့်ခွဲမှုအကျဉ်းချုပ်တင်ပြချက်

အဓိကအစီရင်ခံစာ


| | | |
|---|---|---|
| ၁။ | စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု | ၅ |
| ၂။ | ဘဏ္ဍာရေး | ၈ |
| ၃။ | အခြေခံအဆောက်အဦးနှင့်ဘေးကင်းလုံခြုံမှုဆိုင်ရာကိစ္စရပ်များ | ၉ |
| ၄။ | ဝယ်ယူရေးအခြေအနေ | ၁၁ |
| ၅။ | သင်တန်းပို့ချခြင်း | ၁၆ |
| ၆။ | စောင့်ကြည့်ကြီးကြပ်ရေး/သတင်းအချက်အလက်များစီမံခန့်ခွဲခြင်း | ၁၈ |
| ၇။ | သတင်းပြန်ကြားခြင်း | ၂၀ |
| ၈။ | ဝေဖန်အကြံပြုတိုင်ကြားမှုအားတုံ့ပြန်ဖြေရှင်းပေးမှု | ၂၁ |
| ၉။ | ကျား၊ မရေးရာနှင့်လူမှုရေးကျင့်ဝတ်ဆိုင်ရာကန့်သတ်ချက်များ | ၂၂ |
| ၁၀။ | ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲခြင်း | ၂၄ |
| ၁၁။ | သိပညာနှင့် လေ့လာသင်ယူခြင်း | ၂၇ |
| ၁၂။ | စီမံခန့်ခွဲခြင်းနှင့်ကြီးကြပ်ပေးခြင်း | ၂၈ |
| ၁၃။ | ဆန္ဒအလျောက်မြေယာလျှုဒါန်းမှု၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှုအစီစဉ် | ၂၈ |
| ၁၄။ | သုံးလပတ်အတွင်းကြုံတွေ့ရသောအခက်အခဲများ | ၂၉ |
| ၁၅။ | ထောက်ပံ့လိုအပ်ချက်များ | ၄၃ |
| ၁၆။ | ပြည်နယ်/တိုင်းနှင့် မြို့နယ်များ၏ အကြံပြုချက်များ | ၅၀ |
| ၁၇။ | နောက်သုံးလပတ်အတွင်းဆောင်ရွက်မည့်လုပ်ငန်းစဉ်များ | ၅၄ |

**စာရင်းဇယားများ၊ ကိန်းဂဏန်းအချက်အလက်ဖော်ပြမှုများ**


ဇယား ၁: NCDDP စီမံကိန်းလုပ်ငန်းခွဲများအား (၃၁-၁၂-၂၀၁၉) အထိ ကဏ္ဍအလိုက် ခွဲဝေမှု ပြဇယား

ဇယား ၂: ရလဒ်MatriX ညွှန်းကိန်းများအကျဉ်းချုပ်

ဇယား ၃: ကုန်ပစ္စည်းဝယ်ယူမှုဇယား(၃၁-၁၂-၂၀၁၉)

ဇယား ၄: တိုင်းဒေသကြီးရုံးများနှင့် ပြည်နယ်ရုံးများအလိုက် ဝန်ထမ်းများခန့်ထား/ဖွဲ့စည်းမှု များ၏ အခြေအနေ

ဇယား ၅: သင်တန်းပို့ချမှုပြီးစီးခဲ့သော ဇယား

ဇယား ၆: နည်းပညာအကြံပြုပေးအဖွဲ့များ ငှားရမ်းမှုစာရင်း

ဇယား ၇: လက်ခံရရှိခဲ့သည့် အကြံပြုတိုင်ကြားချက်များအား မြို့နယ်နှင့်အမျိုးအစား အလိုက် ခွဲခြားတင်ပြမှု

ဇယား ၈: ထပ်မံလက်ခံရရှိခဲ့သော အကြံပြုတိုင်ကြားစာများ၊ သုံးလအတွင်း လက်ခံရရှိခဲ့သော အကြံပြုတိုင်ကြားစာများနှင့် တုံ့ပြန်ဖြေရှင်းမှုများ၏ အခြေအနေတင်ပြမှု

ဇယား ၉: သုံးလအတွင်း လက်ခံရရှိခဲ့သော အကြံပြုတိုင်ကြားစာများနှင့် တုံ့ပြန်ဖြေရှင်းမှုများ၏ အခြေအနေတင်ပြမှု

ဇယား ၁၀: ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေပြရလဒ်များ(ပဉ္စမနှစ်)

ဇယား ၁၁: ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေပြရလဒ်များ(ဆဌမနှစ်)

ပုံ ၁ : ၂၀၁၉/၂၀ ခုနှစ် ပဉ္စမနှစ် စီမံကိန်းစက်ဝန်း နှင့် ဆဌမနှစ် စီမံကိန်းစက်ဝန်းအတွက် ဆောင်ရွက်ရမည့် လုပ်ငန်း အစီအစဉ်များ

## စီမံခန့်ခွဲမှုအကျဉ်းချုပ်တင်ပြချက်

### ၁။ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု

၁။ ပြည်ထောင်စုအဆင့် သုံးလပတ် လုပ်ငန်းတိုးတက်မှု အစီရင်ခံစာသည် ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့ မှ ဒီဇင်ဘာလ ၃၀ ရက်ထိ အကျုံးဝင်ပါသည်။ ဤအစီရင်ခံစာတွင် (က) ရလဒ်မူဘောင် နှင့် စီမံကိန်း လုပ်ငန်း အစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ခြင်း တိုးတက်မှု (ခ) အကောင်အထည် ဖော်ဆောင်ရန် ကန့်သတ်ချက်များနှင့် ဘေးအန္တရာယ်များ (ဂ) ၂၀၁၉ခုနှစ်၊ ဒီဇင်ဘာလအထိ လာမည့် ၁၂လအတွက် လုပ်ငန်းအစီအစဉ်တို့၏ အဓိက အချက်များ ပါဝင်ပါသည်။ ပဥ္စမနှစ် စီမံကိန်း(၆၁) မြို့နယ်နှင့် ဆဌမနှစ် စီမံကိန်း(၅၄)မြို့နယ် စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက် နေသည့် မြို့နယ်တို့၏ လုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုတို့အား အောက်ပါအတိုင်း အကျဉ်းချုပ် တင်ပြအပ်ပါသည်-

**ပဥ္စမနှစ် မြို့နယ် ၆၁ မြို့နယ်**

(က) VDP သတ်မှတ်ချက် ၁၁၅၂၄ရှိသည့်အနက် ၁၁၄၇၈ခုပြီးစီး၍ ၉၉.၆၀% ပြီးစီး ခဲ့ပါသည်။

(ခ) စီမံကိန်းလုပ်ငန်းခွဲပေါင်း ၉၀၈၁ခု ရှိသည့်အနက် ၉၀၈၁ ခုအား TPICမှ အတည်ပြုပေးနိုင်ခဲ့ပြီး ၁၀၀% ပြီးစီးခဲ့ပါသည်။

(ဂ) စီမံကိန်းလုပ်ငန်းခွဲ အသေးစိတ် စီမံချက်ချမှတ်ခြင်းအား လုပ်ငန်းခွဲပေါင်း ၉၀၈၁ ခုရှိသည့် အနက် ၉၀၆၉ ခု ပြီးစီး၍ ၉၉.၈၆% ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(ဃ) စီမံကိန်းလုပ်ငန်းခွဲပေါင်း ၉၀၆၉ ခုအား(၁၀၀%) အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါ သောကြောင့် ၉၉.၈၆% ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(င) လုပ်ငန်းခွဲပေါင်း ၉၀၀၆ ခုအား အပြီးသတ်စစ်ဆေးဆောင်ရွက်ခြင်းလုပ်ငန်းအား ဆောင် ရွက်ပြီးစီးခဲ့ပါသည်။

(စ) လုပ်ငန်းခွဲပေါင်း ၈၉၉၅ ခုအား လူထုစစ်ဆေးပွဲပြုလုပ်နိုင်ခဲ့ပါသည်။

**ဆဌမနှစ် မြို့နယ် ၅၄ မြို့နယ်**

(က) VDP သတ်မှတ်ချက် ၁၀၀၈၆ခု ရှိသည့်အနက် ၉၉၉၃ ခုပြီးစီး၍ ၉၉% ပြီးစီး ခဲ့ပါသည်။

(ခ) စီမံကိန်းလုပ်ငန်းခွဲပေါင်း ၈၃၀၂ ခု ရှိသည့်အနက် ၈၃၀၂ခုအား TPICမှ အတည်ပြုပေးနိုင်ခဲ့ပြီး ၁၀၀% ပြီးစီးခဲ့ပါသည်။

(ဂ) စီမံကိန်းလုပ်ငန်းခွဲ အသေးစိတ် စီမံချက်ချမှတ်ခြင်းအား လုပ်ငန်းခွဲပေါင်း ၈၃၀၂ခု ရှိသည့် အနက် ၇၄၁၄ ခု ပြီးစီး၍ ၉၁.၆၈ % ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(ဃ) စီမံကိန်းလုပ်ငန်းခွဲပေါင်း ၇၄၁၄ခု အား ၁၀၀%အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါ သောကြောင့် ၉၁.၆၈ % ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(င) လုပ်ငန်းခွဲပေါင်း ၆၅၂၈ ခုအား အပြီးသတ် စစ်ဆေးဆောင်ရွက်ခြင်း လုပ်ငန်းအား ဆောင် ရွက် ပြီးစီးခဲ့ပါသည်။

(စ) လုပ်ငန်းခွဲပေါင်း ၆၅၁၁ခုအား လူထုစစ်ဆေးပွဲပြုလုပ်နိုင်ခဲ့ပါသည်။

၂။ ယခုသုံးလပတ်အတွင်း ပဥ္စမနှစ် စီမံကိန်းတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းခွဲ မပြီးဆုံးသေးသော မြို့နယ်(၃)မြို့နယ်၏ လုပ်ငန်းခွဲ(၈၀)ခု ကြန့်ကြာနေပါသည်။ လုပ်ငန်းခွဲ ကျန်ရှိ နေသော ဝွမြို့နယ်တွင် (၄)ခု၊ ပုဏ္ဏားကျွန်းမြို့နယ်တွင်(၇၁)ခု၊ သဲကုန်း မြို့နယ်တွင် (၅)ခုအား ဆက်လက် အကောင်

အထည်ဖော် ဆောင်ရွက်နေပါသည်။ ဆဌမနှစ်တွင် စီမံကိန်းလုပ်ငန်းခွဲပေါင်း ၈၃၀၂ခု အကောင်အထည်ဖော် ဆောင်ရွက်သည့်အနက် လုပ်ငန်းခွဲပေါင်း ၆၅၂၈ ပြီးစီး၍ ၆၅၁၁ လူထုစစ်ဆေးပွဲ ပြုလုပ် နိုင်ခဲ့ပါသည်။ ဆဌမနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းခွဲ ဇယား(၁) ဖြင့် ဖော်ပြထား ပါသည်။

၃။ လုပ်ငန်းကဏ္ဍအလိုက်ဖြန့်ဖြူးမှုများ ဇယား ၁- လုပ်ငန်းကဏ္ဍအလိုက်ဖြန့်ဖြူးမှုများ ဇယား (၁) - လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ( လမ်းများ၊ တံတားများ၊ သဘော်ဆိပ်ခံ တံတား စသည်) တည်ဆောက် မှုများသည် ၆၃.၅၂% ထိတိုးတက်လာပါသည်။ ပညာရေး ၁၁.၈၇ % ၊ လူထု အထောက်အပံ့ ဖြစ်သော လုပ်ငန်းများသည် ယခုနှစ် ပဥ္စမနှစ် စီမံကိန်းအတွင်း ၇.၂၉% ထိတိုးမြင့် ဆောင်ရွက်လာပါသည်။ ထို့နောက်တွင် ရေရရှိရေးနှင့်မိလ္လာ၊ အမှိုက်သန့်ရှင်းရေး ၈.၃၀ % ၊ လျှပ်စစ်ဓာတ်အား သွယ်တန်းဖြန့်ဖြူးမှု ၇.၃၀ % တခြား ၁.၃၄ % နှင့် ကျန်းမာရေး ၀.၃၄ % ဆောင်ရွက်လျက်ရှိပါသည်။

၄။ လုပ်ငန်းကဏ္ဍအလိုက်ဖြန့်ဖြူးမှုများ ဇယား ၁- လုပ်ငန်းကဏ္ဍအလိုက်ဖြန့်ဖြူးမှုများ ဇယား (၁) - လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ( လမ်းများ၊ တံတားများ၊ သဘော်ဆိပ်ခံ တံတား စသည်) တည်ဆောက်မှုများသည် ၅၁.၂၉% ထိတိုးတက်လာပါသည်။ ပညာရေး ၁၁.၉၆ % ၊ လူထု အထောက် အပံ့ဖြစ်သော လုပ်ငန်းများသည် ယခုနှစ် ဆဌမနှစ် စီမံကိန်းအတွင်း ၁၁.၄၄% ထိတိုးမြင့် ဆောင်ရွက် လာပါသည်။ ထို့နောက်တွင် ရေရရှိရေးနှင်မိလ္လာ၊ အမှိုက်သန့်ရှင်းရေး ၇.၇၇ % ၊လျှပ်စစ်ဓာတ်အား သွယ်တန်းဖြန့်ဖြူးမှု ၁၂.၅၈ % တခြား ၄.၆၅ % နှင့် ကျန်းမာရေး ၀.၂၈ % ဆောင်ရွက်လျက်ရှိပါသည်။

၄။ လုပ်ငန်းကဏ္ဍအလိုက်ဖြန့်ဖြူးမှုများ ဇယား ၁- လုပ်ငန်းကဏ္ဍအလိုက်ဖြန့်ဖြူးမှုများ ဇယား (၁) - လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ( လမ်းများ၊ တံတားများ၊ သဘော်ဆိပ်ခံ တံတား စသည်) တည်ဆောက်မှုများသည် ၅၁.၂၉% ထိတိုးတက်လာပါသည်။ ပညာရေး ၁၁.၉၆ % ၊ လူထု အထောက် အပံ့ဖြစ်သော လုပ်ငန်းများသည် ယခုနှစ် ဆဌမနှစ် စီမံကိန်းအတွင်း ၁၁.၄၄% ထိတိုးမြင့် ဆောင်ရွက် လာပါသည်။ ထို့နောက်တွင် ရေရရှိရေးနှင်မိလ္လာ၊ အမှိုက်သန့်ရှင်းရေး ၇.၇၇ % ၊လျှပ်စစ်ဓာတ်အား သွယ်တန်းဖြန့်ဖြူးမှု ၁၂.၅၈ % တခြား ၄.၆၅ % နှင့် ကျန်းမာရေး ၀.၂၈ % ဆောင်ရွက်လျက်ရှိပါသည်။

## NCDDP ပဉ္စမနှစ်စီမံကိန်းအကောင်ထည်ဖော်ဆောင်ရွက်မှုအကျဉ်းချုပ် (၃၁-၁၂-၂၀၁၉)

| စီမံကိန်းဆောင်ရွက်မှုတွင် အရေးပါသော (အရေအတွက်) | ပထမ နှစ် ၂၀၁၃/ ၁၄ | ဒုတိယ နှစ် ၂၀၁၄/ ၁၅ | တတိယ နှစ် ၂၀၁၅/ ၁၆ | စတုတ္ထ နှစ် ၂၀၁၆/ ၁၇ | ပဉ္စမနှစ် ၂၀၁၇/၁၈ | | ဆဋ္ဌမနှစ် ၂၀၁၈/၁၉ | | စုစုပေါင်း (ပ-ဆဋ္ဌမ) |
|---|---|---|---|---|---|---|---|---|---|
| | | | | | မြို့နယ်ဟောင်း ၆၁ | | | | ပေါင်း ၆၁ |
| | | | | | # | ပြီးစီးမှု % | # | ပြီးစီးမှု % | |
| စီမံကိန်းမြို့နယ် | ၃ | ၉ | ၂၇ | ၄၇ | ၆၁ | | ၅၄ | | ၆၃ |
| ကျေးရွာအုပ်စု | ၇၂ | ၃၄၃ | ၁,၂၀၁ | ၂,၀၂၂ | ၂၅၉၉ | | ၂၄၃၁ | | |
| ကျေးရွာ | ၄၁၀ | ၁,၇၂၇ | ၅,၄၀၀ | ၈,၅၆၃ | ၁၁၆၆၂ | | ၁၀၄၄၁ | | |
| ရံပုံငွေလွှဲပြောင်းခြင်း | | | | | | | | | |
| ကျေးရွာအုပ်စုများ၏ ရံပုံငွေ တောင်းဆိုမှု # | ၇၂ | ၃၄၃ | ၁,၁၉၆ | ၂,၀၀၅ | ၂၅၉၉ | ၉၈.၆၃ | ၁၄၆၅ | ၇၈.၁၅ | |
| ကျေးရွာအုပ်စုများ ရန်ပုံငွေ လက်ခံရရှိမှု # | ၇၂ | ၃၄၃ | ၁,၁၉၆ | ၂,၀၀၅ | ၂၅၉၈ | ၉၉.၈၄ | ၁၂၉၅ | ၈၈.၃၉ | |
| မြန်မာကျပ်(သိန်းပေါင်း) | ၁.၅၇ | ၁၀.၄၆ | ၃၅.၇၂ | ၆၇.၃၇ | ၈၆.၈၉ | | ၉၅.၃ | | ၂၈၇.၃၁ |
| VDP ပြီးစီးမှု | ၃၉၂ | ၁,၇၀၁ | ၅,၂၆၁ | ၈,၂၄၀ | ၁၁၄၇၈ | ၉၉.၆၀ | ၉၉၉၃ | ၉၉.၀၀ | ၃၇၀၆၅ |
| TPIC အတည်ပြုချက်ရရှိမှု | ၃၅၇ | ၁,၅၇၈ | ၄,၇၃၄ | ၇,၆၈၂ | ၉၀၈၁ | ၁၀၀ | ၈၀၃၂ | ၁၀၀ | ၃၁၄၆၄ |
| အသေးစိတ် စီမံချက် ချမှတ်ခြင်း ပြီးစီးမှု | ၃၅၇ | ၁,၅၇၈ | ၄,၇၃၄ | ၇,၆၈၂ | ၉၀၆၉ | ၉၉.၈၆ | ၇၄၁၄ | ၉၁.၆၈ | ၃၀၈၃၄ |
| တည်ဆောက်ရေးစီမံကိန်းခွဲ | | | | | | | | | |
| ၀ % | | | | | ၁၆ | ၀.၁၇ | ၉၇၀ | ၁၂.၀၇ | ၉၈၆ |
| ၁%၅၀- | | | | | ၃၉ | ၀.၄၂ | ၃၂၉ | ၄.၀၉ | ၃၆၈ |
| ၅၁%၇၅- | | | | | ၅ | ၀.၀၆ | ၁၀၆ | ၁.၃၁ | ၁၁၁ |
| ၇၆%၉၀- | | | | | ၁၄ | ၀.၁၅ | ၁၈၄ | ၂.၂၉ | ၁၉၈ |
| ၁၀၀% | ၃၅၇ | ၁,၅၇၈ | ၄,၇၃၄ | ၇၆၈၂ | ၉၀၀၇ | ၉၉.၁၈ | ၆၄၉၇ | ၈၀.၈၈ | ၂၉၈၅၅ |
| ဘဏ္ဍာရေးဆိုင်ရာ စစ်ဆေးမှု | ၃၅၇ | ၁၅၇၈ | ၄,၇၃၄ | ၇၆၈၂ | ၈၉၉၂ | ၉၈.၆၈ | ၆၄၂၂ | ၆၁.၀၄ | ၂၉၇၆၅ |
| Social Audits ပြီးစီးမှု | ၃၅၇ | ၁,၅၇၈ | ၄,၇၃၄ | ၇၆၈၂ | ၈၉၉၅ | ၇၇.၁၁ | ၆၄၀၁ | ၆၃.၅၇ | ၂၉၇၄၇ |
| မြို့နယ်အဆင့် MSRs ပြီးစီးမှု | ၃ | ၉ | ၂၆ | ၄၇ | ၆၀ | | ၅၃ | | ၁၉၈ |
| Union အဆင့် MSRs ပြီးစီးမှု | ၁ | ၁ | ၁ | ၁ | ၁ | ၁ | | | ၆ |

၅။ ယခုသုံးလပတ်အတွင်း ပဉ္စမနှစ်စီမံကိန်းတွင် ပဉ္စမနှစ်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေသည့်ကာလအတွင်း လုပ်ငန်းခွဲပေါင်း (၉၀၆၉)ခု ပြီးစီး၍ လုပ်ငန်းခွဲပေါင်း (၈၉၉၅)ခု အတွက် လူထုစစ်ဆေးပွဲ ပြုလုပ်နိုင်ခဲ့ပါသည်။ ကျန်ရှိနေသော လုပ်ငန်းခွဲများအား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။

၆။ ယခုသုံးလပတ်အတွင်း ဆဋ္ဌမနှစ်စီမံကိန်းတွင် ဆဋ္ဌမနှစ်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေသည့်ကာလအတွင်း လုပ်ငန်းခွဲပေါင်း (၇၄၁၄)ခု ပြီးစီး၍ လုပ်ငန်းခွဲပေါင်း (၆၄၀၁)ခု အတွက် လူထု

စစ်ဆေးပွဲ ပြုလုပ်နိုင်ခဲ့ပါသည်။ ကျန်ရှိနေသော လုပ်ငန်းခွဲများအား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။

၇။ စီမံကိန်းမြို့နယ်မှ တင်ပြလာသော အခက်အခဲများနှင့် ပံ့ပိုးပေးရန် လိုအပ်ချက်များ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရာတွင် တွေ့ရှိရသော အခက်အခဲများအား အောက်ပါအတိုင်း အကျဉ်းချုပ်တင်ပြအပ်ပါသည်-

- (က) မော်တော်ဆိုင်ကယ်များ၊ အပိုပစ္စည်းများ ဝယ်ယူရန် ခက်ခဲ ခြင်း၊ မိတ္တူကူးစက်များ ပြုပြင်ရန် Service ခေါ်မရခြင်း၊ မိတ္တူကူးစက်(၁)လုံးသာရှိသည့်အတွက် မိတ္တူကူးရာတွင် ခက်ခဲ၊
- (ခ) စီမံကိန်းမြို့နယ်များတွင် စာရေးကိရိယာများထားရှိရန် ဗိုင်တင်စင်များ လိုအပ်ခြင်း၊
- (ဂ) Tablet ပျက်စီးမှုကြောင့် M&E/MIS Update ပြုလုပ်ရန် ခက်ခဲခြင်းနှင့် Computer Window Active ပြုလုပ်ရန် လိုအပ်၊ Laptop(၃)လိုင်စင်သက်တမ်းတိုးရန် လိုအပ်၊
- (ဃ) ရုံးသုံး မီးစက်ပြင်ရန် ကျွမ်းကျင်သူ ရှားပါးသည့် အခက်အခဲ၊
- (င) စီမံကိန်းလက်ကမ်းစာစောင်များ/Vinylများထပ်မံလိုအပ်(ရာသီဥတုအခြေအနေကြောင့် ပျက်စီးခြင်း)၊
- (စ) စီမံကိန်း အထောက်အကူပြု စက်ကရိယာများ ရှားပါးခြင်းကြောင့် လုပ်ငန်းခွဲများ သက်မှတ်ချိန်အတွင်း မပြီးစီးသည့်အခက်အခဲ။

**၂။ ဘဏ္ဍာရေး (ချေးငွေထုတ်ပေးမှုအခြေအနေ)**

၈။ ဆဋ္ဌမနှစ်စီမံကိန်းတွင် **block grants** စုစုပေါင်း မြန်မာငွေကျပ် ၄၉.၀၁၉ ဘီလီယံအား မြို့နယ် (၃၃) မြို့နယ်အား ထုတ်ပေးပြီး ဖြစ်ပါသည်။

**ဆက်လက်ဆောင်ရွက်ရန်အချက်များ**

- (က) ပြင်ဆင်ရမည့်ပုံစံများအား ပြင်ဆင်ခြင်း
- (ခ) စီမံကိန်းပြီးဆုံးသည့်မြို့နယ်များသို့ ကွင်းဆင်းစစ်ဆေးခြင်း
- (ဂ) လုပ်ဆောင်နေသော ကိစ္စရပ်များအား မြို့နယ်များနှင့် ချိတ်ဆက်ပြီး ဆက်လက်ဆောင်ရွက်မှုများ ပြုလုပ်ခြင်း

ဘဏ္ဍာရေးနှင့်ဆိုင်သော လုပ်ငန်းစဉ်

- ၂၀၁၈-၁၉ ခုနှစ် စုစုပေါင်း အသုံးစရိတ်များအား အောက်တွင်ဖော်ပြထားသည့်အတိုင်း ဖြန့်ဖြူးပြီး ဖြစ်သည်-

**FY 2018-19 (in MMK)**

| NCDDP Component | Government of Myanmar | IDA Grant | IDA Credit | Italian Soft Loan | Italian Debt Swap | Dept. of Intl. Development | Total (MMK) |
|---|---|---|---|---|---|---|---|
| Com 1: Community Block Grants | 25,585,976,713 | 44,077,147,151 | 246,619,010,000 | 11,653,000,000 | 3,064,470,000 | 3,691,981,500 | 334,691,585,364 |
| Com 2: Facilitation and Capacity Development | - | 27,068,462,154 | 58,028,797,630 | - | - | - | 85,097,259,784 |
| Com 3: Knowledge and Learning | - | 1,183,613,972 | 3,586,237,690 | - | - | - | 4,769,851,662 |
| Com 4: Implementation Support | 445,905,971 | 18,553,390,671 | 15,176,021,387 | 1,049,210,790 | - | 1,800 | 33,126,109,040 |
| Total Project Expenditure | 26,031,882,684 | 90,882,613,948 | 323,410,066,707 | 10,603,789,210 | 3,064,470,000 | 3,691,983,300 | 457,684,805,849 |

**၃။ ဘေးကင်းလုံခြုံမှုဆိုင်ရာ ကိစ္စရပ်များ**

**ဘေးကင်းလုံခြုံမှုဆိုင်ရာ ကိစ္စရပ်များလိုက်နာဆောင်ရွက်မှုရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခြင်း**

၉။ လူထုဗဟိုပြုစီမံကိန်း ပဉ္စမနှစ် စီမံကိန်းစက်ဝန်း၏ သုံးလပတ်အတွင်း စစ်ဆေးတွေ့ရှိချက်များ နှင့် အကြံပြုချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

လည်ပတ်ပြုပြင်ထိန်းသိမ်းရေး ရန်ပုံငွေ (၅%+လုပ်ငန်းသုံးပိုငွေ+အသေးသုံးလက်ကျန်ငွေ)ဖြင့် ဆောင်ရွက်သည့် (ပင်လည်ဘူး၊ စေတုတ္တရာ၊ အမ်း၊ ထန်းတပင်၊ လေးမျက်နှာ၊ တပ်ကုန်း၊ ကွန်းစု၊ ကန်ပက်လက်၊ နမ့်ဆန် ) မြို့နယ်များရှိ လုပ်ငန်းခွဲများအားလုံး (၁၀၀%) ဆောင်ရွက်ပြီး ဖြစ်ပါသည်။

စီမံကိန်းမြို့နယ်များအားလုံးတွင် ရေအရည်အသွေးစစ်ဆေးမှု (water quality testing) ဆောင်ရွက်လျက်ရှိပြီး PC-21 တွင် Upload တင်နိုင်ရန်ညွှန်ကြားထားပြီး ဖြစ်ပါသည်။ သာပေါင်းမြို့နယ်၏ ရေအရည်အသွေးစစ်ဆေးမှု Result အား ပူးတွဲပေးပို့ထားပါသည်။ ကျန်မြို့နယ်များမှာ Reagent များကုန်နေသဖြင့် ရေစမ်းသပ်မှု မပြုလုပ်နိုင်သေးပါ။

သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော စီမံကိန်းမြို့နယ် (၁၁) မြို့နယ်ရှိ လုပ်ငန်းခွဲပေါင်း(၁၃)ခု ထိခိုက်ပျက်စီးခဲ့ပြီး စီမံကိန်းမြို့နယ် (၅)မြို့နယ်ရှိ လုပ်ငန်းခွဲပေါင်း (၇)ခု အတွက် ထောက်ပံ့ငွေတောင်းခံခဲ့ပြီး ကျန်မြို့နယ်များမှာ ပြုပြင်ပြီးဖြစ်ပါသည်။ O& M Booklet များအား စီမံကိန်း မြို့နယ်များသို့ ဖြန့်ဝေထားပြီး ဖြစ်ပါသည်။

Conflict area များဖြစ်သော-

**လှိုင်းဘွဲ့မြို့နယ်**

လှိုင်းဘွဲ့မြို့နယ်တွင် ယခုဒုတိယနှစ်စက်ဝန်းတွင် Conflict Arerရှိ ကျေးရွာအုပ်စု(၂)အုပ်စု၊ ကျေးရွာ(၂၆)ရွာအား ထပ်တိုးဆောင်ရွက်ခွင့် ရရှိခဲ့ပြီး (၃)အုပ်စု၊ ကျေးရွာ(၂၉)ရွာမှာ တိုင်းရင်းသား အဖွဲ့အစည်းများနှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ (KNU/ KNIA/ ၄င်းတို့၏ Deep control Areaများ၊ Land Mine Area)

**ကြာအင်းဆိပ်ကြီးမြို့နယ်**

ကြာအင်းဆိပ်ကြီးမြို့နယ်တွင် နယ်မြေအခြေအနေအရ ကျေးရွာအုပ်စု(၁)အုပ်စု၊ ကျေးရွာ (၁၀)မှာ စီမံကိန်းဆောင်ရွက်နိုင်ခြင်းမရှိပါ။(KNU ၄င်းတို့၏ Deep control Areaများ)

**ဖားဆောင်းမြို့နယ်**

ဖားဆောင်မြို့နယ်တွင် ပထမနှစ်စက်ဝန်းမှ ယနေ့အချိန်အထိ ကျေးရွာအုပ်စု(၅)အုပ်စု၊ ကျေးရွာ(၄) မှာ တိုင်းရင်းသား အဖွဲ့အစည်းများနှင့် ညှိနှိုင်းသော်လည်း စီမံကိန်း ဆောင်ရွက်နိုင်ခြင်း မရှိသေးပါ။ (KNU ၄င်းတို့၏ Deep control Areaများရှိခြင်း၊ ကျေးရွာအချို့တွင် ၄င်းတို့၏ စခန်းများရှိခြင်း)

**ကျောက်ကြီးမြို့နယ်**

ကျောက်ကြီးမြို့နယ်တွင် စီမံကိန်းဆောင်ရွက်ရာ၊ ကျေးရွာအုပ်စု(၉)အုပ်စု ကျေးရွာ(၁၇)ရွာ ကျန်ရှိပါသည်။ (ရွာတည်စဉ်က မြေယာကိစ္စ Issue များအတွက် KNU မှ ဆိုင်းငံ့ထားခြင်း)

**ရွှေကျင်မြို့နယ်**

ရွှေကျင်မြို့နယ်တွင် စီမံကိန်းဆောင်ရွက်ရန် ကျေးရွာအုပ်စု(၁)အုပ်စု၊ ကျေးရွာ(၉)ရွာ ကျန်ရှိ ပါသည်။ (KNU ၄င်းတို့၏ Deep control Areaတွင် ကျေးရွာများ ရှိနေခြင်း)

**ပုဏ္ဏားကျွန်းမြို့နယ်**

ပုဏ္ဏားကျွန်းမြို့နယ်သည် လက်ရှိမြေပြင်အခြေအနေအရ ကျေးရွာအုပ်စု(၅၉)အုပ်စု၊ ကျေးရွာ (၁၀၀)ရွာရှိ လုပ်ငန်းခွဲ(၁၀၈)ခုသာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး(၁၀၀) ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းခွဲ(၇၃)ခုရှိပြီး ကျန်ရှိသည့်ကျေးရွာများအား နယ်မြေလုံခြုံရေးပေါ် မူတည်၍ တိုးချဲ့ဆောင်ရွက်မည် ဖြစ်ပါသည်။

**ပလတ်ဝမြို့နယ်**

ပလတ်ဝမြို့နယ်သည် နယ်မြေအခြေအနေအရ ယခုနှစ်စက်ဝန်းတွင် ကျေးရွာအုပ်စု(၆)အုပ်စု၊ ကျေးရွာ(၁၃)ရွာ ဆိုင်းငံ့ထားရပြီး ကျေးရွာအုပ်စု(၈၈)အုပ်စု၊ ကျေးရွာ(၂၉၀)ရွာရှိ စီမံကိန်း လုပ်ငန်းခွဲ (၃၁၂)ခုအား အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

**၄။ ဝယ်ယူရေး (အကြံပေးများနှင့် နည်းပညာအကြံပေးအဖွဲ့များ ငှားရမ်းဆောင်ရွက်ခြင်း)**
**မြို့နယ်အဆင့် နည်းပညာ အကြံပေးအဖွဲ့များ ငှားရမ်းခန့်ထားခြင်း**

၁၀။ ပဉ္စမနှစ်စီမံကိန်းစက်ဝန်းအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် စုစုပေါင်းမြို့နယ်(၁၆)မြို့နယ် အနက် မြို့နယ်(၉)မြို့နယ်အတွက် ၎င်းဒေသတို့တွင် လက်ရှိတာဝန်ယူဆောင်ရွက်လျက်ရှိသည့် နည်းပညာ အကြံပေး အဖွဲ့များအား စာချုပ်သက်တမ်းတိုးနိုင်ရန် အောက်ဖော်ပြပါနေ့ရက်များတွင် စာချုပ်ညှိနှိုင်း ဆောင် ရွက်သွားမည်ဖြစ်ပါသည်-

| စဉ် | မြို့နယ် | အဖွဲ့အမည် | ရွေးချယ်ရေး နည်းလမ်း | စာချုပ်ညှိနှိုင်း မည့်နေ့ | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကျွန်းလှ | NAG | စာချုပ်သက်တမ်းတိုး | ၁၃.၂.၂၀၂၀ | |
| ၂ | ကနီ | | | | |
| ၃ | ရွှေကျင် | VNG | စာချုပ်သက်တမ်းတိုး | ၁၄.၂.၂၀၂၀ | |
| ၄ | ရွှေဂူ | PKW | စာချုပ်သက်တမ်းတိုး | ၁၇.၂.၂၀၂၀ | |
| ၅ | ပူတာအို | | | | |
| ၆ | မဘိန်း | | | | |
| ၇ | လှိုင်းဘွဲ့ | MGRI | စာချုပ်သက်တမ်းတိုး | ၁၈.၂.၂၀၂၀ | |
| ၈ | ကော့ကရိတ် | | | | |
| ၉ | တွန်းဇုံ | Cardno | စာချုပ်သက်တမ်းတိုး | ၁၉.၂.၂၀၂၀ | |

**တစ်ဦးချင်းနည်းပညာအကြံပေးများငှားရမ်းခန့်အပ်ခြင်း**

၁၀။ ပြည်ထောင်စုအဆင့်တစ်ဦးချင်းအကြံပေး National Training Expert (၁) ဦး၊ Grievance Consultant (၁) ဦးနှင့် Communication Consultant (၁) ဦးအား စာချုပ်ချုပ်ဆိုခန့်အပ်ပြီး ဖြစ်ပါသည်။ ပြည်/တိုင်း နည်းပညာအကြံပေးများ (၁၅) ဦးခန့်အပ်ရန်လျာထားချက်တွင် (၁၀) ဦးအား ခန့်အပ်ထားပြီး ဖြစ်ပါသည်။ ကချင်၊ ကယား၊ မွန်၊ တနင်္သာရီ၊ ပဲခူး၊ ရန်ကုန်၊ မန္တလေး၊ မကွေး၊ ဧရာဝတီနှင့် နေပြည်တော်တို့တွင် ဖြစ်ပါသည်။

ပြည်ထောင်စုအဆင့်တစ်ဦးချင်းအကြံပေးအနေဖြင့် Finance Assistance (၁)ဦး၊ IT Assistant (၁) ဦး နှင့် M&E/MIS Trainer (၁) ဦးတို့အား စာချုပ်သက်တမ်းတိုးမြှင့်ခဲ့ပါသည်။ စတုတ္ထနှစ်မြို့နယ် (၂၀) တွင် လိုအပ်သော Procurement Assistant ခန့်ထားခြင်းအနေဖြင့် ပထမအကြိမ်တွင် (၄) ဦးနှင့် ဒုတိယ အကြိမ် တွင် (၁၁) ဦးတို့အား ခန့်အပ်ထားပြီးဖြစ်ပါသည်။

**ပဉ္စမနှစ်မြို့နယ်(၁၆)မြို့နယ်မှ စည်းရုံးရေးမှူးများလွှဲပြောင်းလက်ခံမည့်အစီအစဉ်**

၁၁။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အကြံပေးအဖွဲ့များကြား ချုပ်ဆိုထားသည့် စာချုပ်များအရ စည်းရုံးရေးမှူးများကို ပထမနှစ်နှင့် ဒုတိယနှစ်များအတွက် စည်းရုံးရေးမှူးများကို သက်ဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့များမှ ရွေးချယ်ခန့်ထားမည်ဖြစ်ပြီး၊ တတိယနှစ်မှစ၍ ကျေးလက်ဒေသဖွံ့ ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လွှဲပြောင်းလက်ခံ၍ ဆက်လက်ခန့်ထားမည်ဟုပါရှိရာ အဆိုပါမြို့နယ်(၁၆) မှ စည်းရုံးရေးမှူးများကို ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလမှစ၍ လွှဲပြောင်းလက်ခံနိုင်ရန် ပြည်ထောင်စုအဆင့်ဝယ်ယူရေးမှ ဆောင်ရွက်လျက်ရှိပါသည်။ လွှဲပြောင်းလက်ခံမည့် အစီအစဉ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**လူထုဗဟိုပြုစီမံကိန်း၊ စတုတ္ထနှစ်စီမံကိန်းစက်ဝန်းမြို့နယ်(၁၆)မြို့နယ် CF/TF များအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လွှဲပြောင်းလက်ခံမည့် အစီအစဉ်**

| စဉ် | မြို့နယ်အမည် | အဖွဲ့အမည် | CF | TF | အလုပ်စတင်ဝင်ရောက်သည့်နေ့ | မြို့နယ်ကျေးလက်/ဦးစီးမှ လွှဲပြောင်းလက်ခံမည့်နေ့ | မှတ်ချက်/ကိုးကား |
|---|---|---|---|---|---|---|---|
| ၁ | လှိုင်းဘွဲ့ | MGRI | ၅၆ | ၃၂ | 19-Mar-18 | 19-Feb-20 | မြို့နယ်ဦးစီး၏ ၂.၅.၂၀၁၈ ရက်နေ့စာ |
| ၂ | ကော့ကရိတ် | | ၃၂ | ၁၉ | 19-Mar-18 | 19-Feb-20 | မြို့နယ်ဦးစီး၏ ၂.၅.၂၀၁၈ ရက်နေ့စာ |
| ၃ | သံကုန်း | | ၄၀ | ၂၃ | 23-Aug-18 | 23-Jul-20 | မြို့နယ်ဦးစီး၏ ၂၃.၈.၂၀၁၈ ရက်နေ့စာ |
| ၄ | ကျွန်းလှ | NAG | ၁၄ | ၈ | 7-May-18 | 7-Apr-20 | TTA PO ၏ ၁၁.၆.၂၀၁၈ ရက်နေ့စာ |
| ၅ | ကနီ | | ၂၄ | ၁၃ | 7-May-18 | 7-Apr-20 | မြို့နယ်ဦးစီး၏ ၁၁.၆.၂၀၁၈ ရက်နေ့စာ |
| ၆ | ခနောင်ဖြူ | Mercy Corps | ၅၆ | ၃၂ | 7-Jun-18 | 7-May-20 | မြို့နယ်ဦးစီး၏ ၇.၆.၂၀၁၈ ရက်နေ့စာ |
| ၇ | အင်္ဂပူ | | ၈၀ | ၄၆ | 7-Jun-18 | 7-May-20 | မြို့နယ်ဦးစီး၏ ၇.၆.၂၀၁၈ ရက်နေ့စာ |
| ၈ | မိုင်းခတ် | | ၁၆ | ၉ | 15-Aug-18 | 15-Jul-20 | မြို့နယ်ဦးစီး၏ ၁၅.၈.၂၀၁၈ ရက်နေ့စာ |
| ၉ | မောက်မယ် | | ၁၃ | ၇ | 7-Jun-18 | 7-May-20 | မြို့နယ်ဦးစီး၏ ၇.၆.၂၀၁၈ ရက်နေ့စာ |
| ၁၀ | ပူတာအို | PKW | ၁၄ | ၈ | 19-Apr-18 | 19-Apr-20 | မြို့နယ်ဦးစီး၏ ၂၄.၅.၂၀၁၈ ရက်နေ့စာ |
| ၁၁ | ရွှေဂူ | | ၉ | ၅ | 20-Apr-18 | 20-Mar-20 | မြို့နယ်ဦးစီး၏ ၂၅.၅.၂၀၁၈ ရက်နေ့စာ |
| ၁၂ | မဘိမ်း | | ၆ | ၃ | 18-Apr-18 | 18-Apr-20 | မြို့နယ်ဦးစီး၏ ၂၃.၅.၂၀၁၈ ရက်နေ့စာ |
| ၁၃ | ရွှေကျင် | VNG | ၁၀ | ၆ | 20-Apr-18 | 20-Feb-20 | မြို့နယ်ဦးစီး၏ ၂၃.၇.၂၀၁၈ ရက်နေ့စာ |
| ၁၄ | ပုဏ္ဏားကျွန်း | Adam Smith International | ၂၄ | ၁၄ | 19-Nov-18 | 19-Sep-20 | မြို့နယ်ဦးစီး၏ ၆.၁၂.၂၀၁၈ ရက်နေ့စာ |
| ၁၅ | ဝ | | ၂၀ | ၁၁ | 5-Nov-18 | 5-Sep-20 | မြို့နယ်ဦးစီး၏ ၃.၁၂.၂၀၁၈ ရက်နေ့စာ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁၆ | တွန်းဇံ | Cardno | ၁၆ | ၉ | 20-Apr-18 | 20-Mar-20 | TTA TL ၏ ၁၇.၇.၂၀၁၈ ရက်နေ့စာ |
| | (၁၆)မြို့နယ် | (၇) ဖွဲ့ | ၄၃၀ | ၂၄၅ | | | |

မှတ်ချက်။ CF/TF များအတွက် လစာငွေကိုလွှဲပြောင်းလက်ခံမည့်နေ့မှစ၍ မြို့နယ်စီမံကိန်းအသုံးစရိတ်မှ ပေးချေသွားရမည်ဖြစ်သည်။

## ဝယ်ယူရေးအစီအစဉ်

၁၂။ အစီရင်ခံသည့်ကာလအတွင်းတွင် ကုန်ပစ္စည်းများဝယ်ယူခြင်းလုပ်ငန်းပိုင်းမှ အောက်ဖော်ပြပါလုပ်ငန်း များကို ဆောင်ရွက်ခဲ့ပါသည်-

(က) G-123(1)set တပ်ဆင်ထားသည့် CCTV များအား အရည်အသွေးစစ်ဆေးခဲ့ပြီးဖြစ်ပါဖြင့် ကုန်ကျစရိတ်၏ ၉၀%အား ၂-၁-၂၀၂၀ ရက်နေ့တွင် ထုတ်ပေးပြီး ဖြစ်ပါသည်။

(ခ) G-144 High-speed scanner ပစ္စည်းဝယ်ယူရန်အတွက် တင်ဒါအောင်မြင်သော LiNN IT Solution Co.,Ltdမှ ပစ္စည်းများ ပေးပို့ပြီး ဖြစ်ပါသဖြင့် (၇-၁၀-၂၀၁၉)ရက်နေ့တွင် ကျသင့်ငွေ (၁၀%)အား ပေးချေပြီး ဖြစ်ပါသည်။

(ဂ) G-134 T-shirtsအတွက် တင်ဒါအောင်မြင်သော The Joint Venture of Maung Myint Ko Media Services Co.,td and Thein Wa Garment မှ ပစ္စည်းများ ပေးပို့ပြီး ဖြစ်ပါသဖြင့် (၁၉-၁၁-၂၀၁၉)ရက်နေ့တွင် ကျသင့်ငွေ (၁၀%)အား ပေးချေပြီး ဖြစ်ပါသည်။

(ဃ) G-135 Caps ပစ္စည်းအတွက် တင်ဒါအောင်မြင်သော City Global Mark Services Co.,Ltdမှ ပစ္စည်းများ ပေးပို့ပြီး ဖြစ်ပါသဖြင့် (၂၅-၁၁-၂၀၁၉)ရက်နေ့တွင် ကျသင့်ငွေ (၉၀%)အား ပေးချေပြီး ဖြစ်ပါသည်။

(င) G-138 Printed Operation and Maintenance Vinyl Posterအတွက် တင်ဒါအောင်မြင်သော Xenon Co.,Ltdမှ ပစ္စည်းများ ပေးပို့ပြီး ဖြစ်ပါသဖြင့် (၃-၁၂-၂၀၁၉)ရက်နေ့တွင် ကျသင့်ငွေ (၉၀%)အား ပေးချေပြီး ဖြစ်ပါသည်။

(စ) G-139 Printed Operation and Maintenance Bookletအတွက် တင်ဒါအောင်မြင်သော Eugenia Star Co.,Ltdမှ ပစ္စည်းများ ပေးပို့ပြီး ဖြစ်ပါသဖြင့် (၁၆-၁၂-၂၀၁၉)ရက်နေ့တွင် ကျသင့်ငွေ (၁၀%)အား ပေးချေပြီး ဖြစ်ပါသည်။

(ဆ) G-141 Gender Materialsအတွက် တင်ဒါအောင်မြင်သော Nay Linn Offset and Prinitng မှ ပစ္စည်းများ ပေးပို့ပြီး ဖြစ်ပါသဖြင့် (၁၇-၁၂-၂၀၁၉)ရက်နေ့တွင် ကျသင့်ငွေ (၁၀%)အား ပေးချေပြီး ဖြစ်ပါသည်။

(ဓ) ကန်ပက်လက်မြို့နယ်မှ မော်တော်ဆိုင်ကယ် ၃၅ စီးအား ပြည်နယ်ရုံး၊ ခရိုင်ရုံးနှင့် မြို့နယ်များသို့ ခွဲဝေသွားရန် (၂၄-၁၀-၂၀၁၉)ရက်နေ့တွင် အကြောင်းကြားခဲ့ပြီး ဖြစ်ပါသည်။

(ဈ) ငပုတောမြို့နယ်မှ မော်တော်ဆိုင်ကယ် (၉၄)စီးအတွက် အပိုပစ္စည်းဝယ်ယူရန် တင်ပြလာမှုအား အပိုပစ္စည်းဝယ်ယူခွင့်ပြုကြောင်း အကြောင်းကြားစာအား (၃၀-၁၀-၂၀၁၉) ရက်နေ့တွင် အကြောင်းကြားခဲ့ပြီး ဖြစ်ပါသည်။

(ည) သာပေါင်းမြို့နယ်နှင့် ဓနုဖြူမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စာရွက်စာတမ်းများ စနစ်တကျထားရှိရန် ဗိုင်တင်စင်များ ပလပ်စတစ်ထိုင်ခုံများ၊ ပလပ်စတစ်ပုံးများ ဝယ်ယူခွင့်နှင့်ပတ်သက်၍ ခန့်မှန်းကုန်ကျစရိတ် ၁,၅၅၀,၀၀၀/- ဖြင့် ဝယ်ယူခွင့်ပြုကြောင်းနှင့် ပြီးစီးမှုအား ပြန်လည်တင်ပြနိုင်ရေး ဆောင်ရွက်သွားရန် ၃-၁၂-၂၀၁၉ ရက်နေ့ စာအမှတ်၊ ၁၆၄၆/ဝယ်ဖြန့်-၂/ ကျေးလက်(၈)ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(ဋ) G-146 Life Jackets (300) Nosအတွက် ဈေးနှုန်းအဆိုပြုလွှာ ခေါ်ယူရန် နိုင်ငံပိုင် သတင်းစာတွင် (၂၂-၁၀-၂၀၁၉)ရက်နေ့၌ ထည့်သွင်းကြော်ငြာခဲ့ပြီး (၂-၁၂-၂၀၁၉)ရက်နေ့တွင် ဈေးနှုန်းလွှာအား ဖွင့်ဖောက်ခဲ့ပါသည်။

(ဌ) G-147 Medical Kits (2 Lots) အတွက် ဈေးနှုန်းအဆိုပြုလွှာ ခေါ်ယူရန် နိုင်ငံပိုင်သတင်းစာတွင် (၂၂-၁၀-၂၀၁၉)ရက်နေ့၌ ထည့်သွင်းကြော်ငြာခဲ့ပြီး (၂-၁၂-၂၀၁၉)ရက်နေ့တွင် ဈေးနှုန်းလွှာအား ဖွင့်ဖောက်ခဲ့ပါသည်။

(ဍ) G-130 Maintenance and Repair Services of Motorbikes ဝယ်ယူရန်အတွက် ဈေးနှုန်းအဆိုပြုလွှာ ခေါ်ယူရန် နိုင်ငံပိုင်သတင်းစာတွင် (၂၂-၁၀-၂၀၁၉)ရက်နေ့၌ ထည့်သွင်း ကြော်ငြာခဲ့ပြီး (၂-၁၂-၂၀၁၉)ရက်နေ့တွင် ဈေးနှုန်းလွှာအား ဖွင့်ဖောက်ခဲ့ပါသည်။

(ဎ) ကျွန်းလှမြို့နယ်မှ စီမံကိန်းလုပ်ငန်းသုံး Huawei Tablet (၁)လုံးနှင့် Samsung Tablet (၁) လုံးပျက်စီးမှုနှင့်ပတ်သက်၍ ပစ္စည်းပျက်စီးမှု အစီရင်ခံစာပုံစံ(၉.၅)တွင် ပျက်စီးမှုအား ပြည့်စုံစွာရေးသား၍ ပေးပို့ရန် ၂၄-၁၂-၂၀၁၉ ရက်နေ့တွင် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(ဏ) ကော့မှူးမြို့နယ်တွင် စီမံကိန်းလုပ်ငန်းသုံး MIS Server ပျက်စီးမှုနှင့် ပတ်သက်၍ ပြုပြင်ရန်နှင့် ပြုပြင်ပြီးစီးမှုအခြေအနေအား အသုံးစရိတ်ပြေစာများနှင့်အတူ လူထုဗဟိုပြု စီမံကိန်း (ရုံးချုပ်) သို့ တင်ပြနိုင်ရေး ၃၀-၁၂-၂၀၁၉ ရက်နေ့တွင် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(ဇ) ပဲခူးတိုင်းဒေသကြီး လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းသုံး မော်တော်ယာဉ် (2N/5061) Toyota Hilux မတော်တဆ ဖြစ်မှုနှင့် ပတ်သက်၍ သုံးစွဲခွင့်တင်ပြတောင်းခံခဲ့ခြင်း မရှိသောကြောင့် မော်တော်ယာဉ် သုံးစွဲသည့် လက်ထောက် ညွှန်ကြားရေးမှူး (နည်းပညာ) ဦးသိန်းကျော်အား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)သို့ (၁၆-၁၂-၂၀၁၉)ရက်နေ့တွင် စေလွှတ်ပေးရန်နှင့် မော်တော်ယာဉ် ဆောင်ရွက်ထားရှိမှု အခြေအနေအား ပြန်လည်တင်ပြရန် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(ဈ) ညောင်ဦးမြို့နယ်တွင် ရေစမ်းသပ်ရာတွင် အသုံးပြုသည့် PH စမ်းသပ်သည့်ကိရိယာ ပျက်စီးမှုအတွက် ကုန်ကျစရိတ်၏ ၅၀% အား စီမံကိန်းရန်ပုံငွေမှ ကျခံရန်နှင့် ကျန် ၅၀% အား Infra Counterpart ဒေါ်ခိုင်ရွှေဝင်း (အငယ်တန်းအင်ဂျင်နီယာ-၂) မှ ပေးလျော်စေရန် ၃-၁၂-၂၀၁၉ ရက်စွဲ စာအမှတ်၊ ၁၆၄၅/ဝယ်ဖြန့်-၂/ကျေးလက်(၈) ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(ဉ) လူထုဗဟိုပြုစီမံကိန်းပြီးဆုံးခဲ့သည့် စီမံကိန်းမြို့နယ်(၁၈)မြို့နယ်များရှိ စီမံကိန်းလုပ်ငန်းသုံး ပစ္စည်းများနှင့် ပတ်သက်၍ အကြောင်းကြားခြင်းခွဲဝေပေးခဲ့သည့် ပုံသေပိုင်ပစ္စည်းများအား သက်ဆိုင်ရာ ပြည်နယ်လူထုဗဟိုပြုစီမံကိန်းရုံးခွဲမှ မျက်မြင်စစ်ဆေးပြီးဆောင်ရွက်ပြီးစီးမှု အစီရင်ခံစာအား (၂၈.၁၁.၂၀၁၉) ရက်နေ့တွင် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(ည) လူထုဗဟိုပြုစီမံကိန်းပြီးဆုံးခဲ့သည့် စီမံကိန်းမြို့နယ်(၅)မြို့နယ် (ထန်းတပင်၊ တပ်ကုန်း၊ ပင်လည်ဘူး၊ စေတုတ္တရာ၊ လေးမျက်နှာ)များရှိ စီမံကိန်းလုပ်ငန်းသုံး ပစ္စည်းများနှင့် ပတ်သက်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနမှ တင်ပြထားသည့် လျာထားအစီအစဉ်အတိုင်း ခွဲဝေချထားရန်နှင့် ခွဲဝေချထားသည့် ပစ္စည်းများအနက်မှ (လုံးဝ)အသုံးပြု၍ မရသည့် ပစ္စည်းများ၏ ပျက်စီးမှု အချက်အလက်များ စာရင်းပြုစုပြီး ပြန်လည်တင်ပြရန် (၂၇.၁၁.၂၀၁၉)ရက်နေ့တွင် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(ဋ) စီမံကိန်းမြို့နယ် (၅၄)မြို့နယ်သို့ မော်တော်ဆိုင်ကယ်ဦးထုပ်များ ပျက်စီးမှုအခြေအနေအား ဓာတ်ပုံမှတ်တမ်းများနှင့်တကွ စာရင်းပြုစု၍ ပေးပို့ရန် (၂၇.၁၁.၂၀၁၉)ရက်နေ့တွင် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(ဌ) အမ်းမြို့နယ် နှင့် နမ့်ဆန်မြို့နယ်တို့တွင် ပုံသေပိုင်ပစ္စည်းစာရင်းများ မျက်မြင်စစ်ဆေးရန် သက်ဆိုင်ရာ ပြည်နယ်လူထုဗဟိုပြုစီမံကိန်းရုံးခွဲမှ မျက်မြင်စစ်ဆေးပြီး ဆောင်ရွက်ပြီးစီးမှု အစီရင်ခံစာအား (၂၇.၁၁.၂၀၁၉) ရက်နေ့တွင် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(ဍ) လူထုဗဟိုပြုစီမံကိန်းပြီးဆုံးခဲ့သည့် စီမံကိန်းမြို့နယ် (၁၈)မြို့နယ်များရှိ စီမံကိန်းလုပ်ငန်းသုံး ပစ္စည်းများနှင့် ပတ်သက်၍ သက်ဆိုင်ရာ ပြည်နယ်လူထုဗဟိုပြုစီမံကိန်းရုံးခွဲမှ မျက်မြင်

စစ်ဆေးပြီး ဆောင်ရွက်ပြီးစီးမှု အစီရင်ခံစာအား (၂၈.၁၁.၂၀၁၉) ရက်နေ့တွင် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

**နောင်လာမည့်သုံးလအတွင်းဆောင်ရွက်မည့် အစီအစဉ်များ**

၁၃။ နောက် သုံးလပတ် (ဇန်နဝါရီ - မတ် ၂၀၂၀)

စီမံကိန်းမှ တာဝန်ရှိသူများသည် ၂၀၁၉-၂၀၂၀ အတွက် လျာထားသော မြို့နယ်သစ် (၁၃) မြို့နယ်အတွက် လိုအပ်သည်များကို ဆက်လက်လုပ်ကိုင်လျက်ရှိပြီး ၎င်းမြို့နယ်များ၏ အမည်များ ထုတ်ဖော်ခြင်းအား ဆက်လက်စောင့်စား လျက်ရှိပါသည်။ ၎င်းမြို့နယ်များ၏ ပထဝီဝင်အနေအထားကြည့်ခြင်းအားဖြင့် ဝယ်ယူရေးဌာနအတွင် သင့်တော်သော ရွေးချယ်ရေးနည်းလမ်းများ (ဥပမာ- တည်ရှိပြီးသား စာချုပ်သက်တမ်းတိုးရန် (သို့) အခြား ရွေးချယ်ရေးနည်းလမ်း) ရှာဖွေရန် လွယ်ကူမည် ဖြစ်သည်။

ပြည်ထောင်စုအဆင့် တစ်ဦးချင်းအကြံပေး National Gender Consultant (၁)ဦးနှင့် National Senior Procurement Consultant (၁) ဦး အကဲဖြတ်ဆောင်ရွက်ခြင်းနှင့် စာချုပ်လမ်မှတ်ရေးထိုးနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ လစ်လပ်လျက်ရှိသော ပြည်ထောင်စုအဆင့် တစ်ဦးချင်းအကြံပေး National Training Expert (၁) ဦးအား အစားထိုးခန့်အပ်နိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

**၅။ သင်တန်းအခြေအနေ**

၁၄။ အစီရင်ခံသည့်ကာလအတွင်း ပြည်ထောင်စုအဆင့်မှ CCTV utilization သင်တန်း **၁** ခု၊ TOT သင်တန်း **၃** ခု နှင့် Procurement Refresher သင်တန်း ၁ခု စသော သင်တန်းပေါင်း ၅ ခုအား ပြုလုပ်ခဲ့ပါသည်။ ၎င်းသင်တန်းများအား တက်ရောက်သူ ၂၃၆ ဦး **(**ကျေးလက် ၁၁၈ ဦး နှင့် မြို့နယ် အကြံပေး ၁၁၈ ဦး**)** ရှိခဲ့ပါသည်။

- အစီရင်ခံသည့်ကာလအတွင်း မြို့နယ်အဆင့်သင်တန်းပေါင်း ၁၀၅ ခုအား ပြုလုပ်ခဲ့ပြီး တက်ရောက်သူ ၅၇၇၇ ဦး ရှိခဲ့ပါသည်။ မြို့နယ်အဆင့်တွင် သင်တန်းပေါင်း ၁၅ မျိုးရှိပါသည်။
- အစီရင်ခံသည့်ကာလအတွင်း ကျေးရွာအဆင့်သင်တန်းပေါင်း ၂၈၇၇ ခုအား ပြုလုပ်ခဲ့ပြီး တက်ရောက်သူ ၆၂၁၃၉ ဦး ရှိခဲ့ပါသည်။ ကျေးရွာအဆင့်တွင်သင်တန်းပေါင်း ၄ မျိုးရှိပါသည်။
- သင်တန်းပေါင်း ၂၉၈၇ခု ပြုလုပ်ခဲ့ပြီး တက်ရောက်သူ ၆၈၁၅၂ ဦး ရှိခဲ့ပါသည်။
- အစီရင်ခံသည့်ကာလအတွင်း စုစုပေါင်းကုန်ကျငွေမှာ ၁၄၆,၃၁၅,၈၂၇ ကျပ်ဖြစ်ပါသည်။ အသေးစိတ်ခွဲခြမ်းရသော်၊ ပြည်ထောင်စုအဆင့်တွင် ကုန်ကျသောငွေမှာ ၃,၅၈၂,၇၇၅ ကျပ်၊ မြို့နယ်အဆင့်တွင် ကုန်ကျသောငွေမှာ ၂၇,၀၆၈,၀၂၅ ကျပ်၊ ကျေးရွာအဆင့်တွင် ကုန်ကျသောငွေမှာ ၁၁၅,၆၆၅,၀၂၇ ကျပ် ဖြစ်ပါသည်။
- သင်တန်းသုံး သီးသန့် ဘတ်ဂျတ်ဖြစ်သော ကျပ် ၄၀၀၀၀ ဖြင့် စီမံကိန်းမြို့နယ် ၇ မြို့နယ်အတွက် သင်တန်း ၅ မျိုးအား ပြုလုပ်ခဲ့ပါသည်။ ၎င်းတို့မှာ Project Cycle Management သင်တန်း**,** Steel Structure သင်တန်း၊ Social Mobilization & Facilitation သင်တန်းနှင့် Advanced Computer သင်တန်း & Community Mobilization သင်တန်းများဖြစ်ပါသည်။ သင်တန်းစုစုပေါင်း ကုန်ကျငွေမှာ ၇၇၅၅၅၅၀နှင့် သင်တန်းပါဝင်သူပေါင်း ၂၆၇ဦး(ကျား-၁၁၃၊ မ-၁၅၄)ပါဝင်ပါသည်။

- သင်တန်းသုံး သီးသန့် ဘတ်ဂျတ်ဖြစ်သော ကျပ် ၄၀၀၀၀ ဖြင့် (MGRI, Cardno, ASI, VNG)မှ Video Editing သင်တန်း ကုန်ကျငွေ ၂၁၀၀၀၀၀နှင့် သင်တန်းပါဝင်သူပေါင်း ၇၂ဦး(ကျေးလက်-၄၃၊ အကြံပေး-၂၉)ပါဝင်ပါသည်။
- ပြည်ထောင်စုအဆင့် သင်တန်းအဖွဲ့မှ မြို့နယ် ၂ မြို့နယ်အား **TOF 3 Rrefresher Training (၁)ကြိမ်နှင့် Pre-MSR Meeting (၁)ကြိမ်** သင်တန်းများတွင် အထောက်အကူပေးရန် သွားရောက် ခဲ့ပါသည်။

- **Comparison of Plan and Output of last quarter**

| S/N | Plan | Achievement | Remark |
|---|---|---|---|
| 1 | **Training activities** | | |
| | TOT-1 (round 2)- 7 townships | TOT-1 (round 2)- 8 townships | Included by Saw CDD |
| | TOT-2 (16 townships) | TOT-2 (18 townships) | Included by Saw, Pauk |
| | TOT-3 (16 townships) | TOT-3 (18 townships) | Included by Saw, Pauk |
| | TOF 3 Refresher | Hlaingbwe | |
| | Pre-TMSR support | Tonzang | |

**Planning for next quarter (Jan-March 2020)**

| SN | Detail description | Participants | Time frame | Remark |
|---|---|---|---|---|
| 1 | TOF Refresher | CF, TF | March'2020 | If there was a request |
| 2 | Assisting in 13 Townships selection | S/R DRD counterpart & some TTA | Jan-Feb'2020 | |
| 3 | Pre-MSR support | Jury members | Feb-Mar'2020 | |

**Achievement of 40 K (Summary)**

| Organization | Type of training and township | M | F | T | Time | Amount (MMK) |
|---|---|---|---|---|---|---|
| Mercy Crops | Project Cycle Management training (Mongkhet) | 9 | 11 | 20 | Nov | 228,800 |
| Mercy Crops | Project Cycle Management training (Danuphyu) | 8 | 18 | 26 | Nov | 1,238,000 |
| Mercy Crops | Social Mobilization & Facilitation (Hsiseng) | 27 | 34 | 61 | Nov | 615,400 |
| PKW | Community Mobilization training (Mabein) | 12 | 12 | 24 | Nov | 872,400 |
| Mercy Crops | Project Cycle Management training (Kyankhin) | 18 | 24 | 42 | Oct | 413,950 |
| Mercy Crops | Social Mobilization & Facilitation (Ingabu) | 18 | 24 | 42 | Oct | 867,000 |
| VNG | Advance Computer (Paung) | 10 | 18 | 28 | Oct | 1,120,000 |
| VNG | Steel Structure training (Paung) | 11 | 13 | 24 | Oct | 2,400,000 |
| | Total | 113 | 154 | 267 | | 7,755,550 |

**တိုးတက်မှုနှင့် စိန်ခေါ်မှုများ**

- မြို့နယ်များမှ ပြည်ထောင်စုအဆင့်သို့ အစီရင်ခံစာပေးပို့ရန် နောက်ကျခြင်း နှင့် အချက်အလက်များ မစုံလင်ခြင်း။
- မြို့နယ်အဖွဲ့အချင်းချင်း သတင်းအချက်အလက်ကွာဟခြင်း
- အချက်အလက်များ ပေးပို့ရာတွင် မြို့နယ်များအားလုံးသည် တိကျတဲ့ပုံစံတွေ ပေးပို့ဖို့ လိုအပ်ပါသည်။

**မြို့နယ်များသို့ အကြံပြုချက်**

- မြို့နယ်အဆင့် သင်တန်းများကို TOF သင်တန်းကဲ့သို့ တိကျသည့် သင်တန်းများကို ပြည်ထောင်စုအဆင့် သင်တန်းလမ်းညွှန်မှု မပေးခင်အတွင်း သင်တန်းအခြေအနေများ ပေးစေလိုပါသည်။
- မြို့နယ်မှာရှိတဲ့ မြို့နယ်မှူးနှင့် နည်းပညာမှူးများအား TOTsသင်တန်းအစား TOF 1နှင့် TOF2 သင်တန်းများ အဆင့်မြှင့် ပေးစေလိုပါသည်။
- လုပ်ဖော်ကိုင်ဖက်များမှ တိကျမှန်ကန်သော အချက်အလက်များအား ပြည်ထောင်စုအဆင့်သို့ ပေးပို့ရန်
- သင်တန်းများ၏ အမှန်တကယ်ကုန်ကျငွေအချက်အလက်အား ပြည်ထောင်စုအဆင့်သို့ ပေးပို့ပါရန်
- ပြည်ထောင်စုသို့ ပေးပို့သည် အချက်အလက်များမှာ သက်ဆိုင်ရာမြို့နယ်များ၏ ကျေးလက်ဝန်ထမ်း + မြို့နယ်အကြံပေးဝန်ထမ်းများ ၂ဖက်စလုံးမှ သဘောတူထားပြီးသော အချက်အလက်များ ဖြစ်ရန်
- သင်တန်းလုပ်တိုင်း သင်တန်းအချက်အလက်များအား ဖြည့်သွင်းရန်
- ပြည်ထောင်စုအဆင့်မှ ပေးထားသည့် သင်တန်းလမ်းညွှန်အတိုင်း သင်တန်းများအားပေးရန်
- မြို့နယ်အဆင့်ရှိသင်တန်းများအတွက် TOF သင်တန်းပြဌာန်းချက်များနှင့် သင်တန်းကြာမြင့်ချိန်အား ပြည်ထောင်စုအဆင့် သင်တန်းအဖွဲ့၏ လမ်းညွှန်မှုအတိုင်း သင်ကြားပို့ချဆောင်ရွက်သင့်ပါသည်။
- သင်တန်းသုံး သီးသန့် ဘတ်ဂျတ်ဖြစ်သော ကျပ် ၄၀၀၀၀ အစီရင်ခံစာအား သင်တန်းအဖွဲ့ရှိ minminzaw1090@gmail.com ထံသို့ လစဉ် ပထမအပါတ်တနလ်ာနေ့တိုင်း ပေးပို့ပါရန်

**၆။ စောင့်ကြည့်အကဲဖြတ်ခြင်းနှင့်သတင်းအချက်အလက်များ စီမံခန့်ခွဲခြင်း**

၁၅။ ဆဌမနှစ် Union MSR တွင် M&E/ MIS Section အနေဖြင့် ပြခန်းများ အောက်တိုဘာလ အတွင်း ကျင်းပပြုလုပ်ပြီး ဖြစ်ပါသည်။ စီမံကိန်းလက်စွဲစာအုပ်တွင် လိုအပ်သော အချက်အလက်များအား ဖြည့်သွင်း ပြင်ဆင်ပြီးဖြစ်ပါသည်။

ဤကာလအတွင်းတွင် **GIS**နှင့် ပတ်သက်၍ လိုအပ်ချက်ရှိသော အချက်အလက်များ ထုတ်ပေးခြင်း၊ မြို့နယ်များမှ လိုအပ်သော **GIS** နှင့် ပတ်သက်သော အခက်အခဲများအား ကူညီထောက်ပံ့ပေးခဲ့ပါသည်။ တချို့ ပြည်နယ်/တိုင်းရုံးများအနေဖြင့် သုံးလပတ်အစီရင်ခံစာအား အချိန်မီ ပို့ကြပါသည်။ အနည်းငယ်သော ပြည်နယ်တိုင်းရုံးများသည် သုံးလပတ်အတွင် အစီရင်ခံစာ ပေးပို့ရာတွင် နှောင့်နှေး ကြန့်ကြာနေပါသည်။

**နောက်သုံးလပတ်ဆောင်ရွက်မည့် အစီအစဉ်**

(က) ဆဌမနှစ် စီမံကိန်းစက်ဝန်းအတွင်း ပြည်နယ်/တိုင်းတွင် စီမံကိန်းတာဝန်ခံများ၊ မြို့နယ်များမှ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်း တာဝန်ခံများတို့အား **M&E / MIS** နှင့် ပတ်သက် ဆက်နွယ်သော အသုံး ပြုပုံများ သင်တန်းအား ပြည်နယ်/တိုင်းများသို့ သင်တန်းသွားရောက် ပို့ချမည် ဖြစ်ပါသည်။ စီမံကိန်းမြို့နယ်များသို့လည်း ကွင်းဆင်းဆောင်ရွက်မည် ဖြစ်ပါသည်။

(ခ) စီမံကိန်းနောက်ဆုံးနှစ် ရောက်ရှိနေသော စီမံကိန်းမြို့နယ်များအား ပြည်ထောင်စုအဆင့် စောင့်ကြည့်ကြီးကြပ်ရေးအဖွဲ့မှ ကွင်ဆင်းစစ်ဆေးသွားမည် ဖြစ်ပါသည်။

(ဂ) သတ္တမနှစ် စီမံကိန်းအတွက် စီမံကိန်း လုပ်ငန်းပြီးသော မြို့နယ်များအား M&E/MIS Section အနေဖြင့် Form များ ပြင်ဆင်ရန် ဇန်နဝါရီလ အတွင်း သင်တန်းများ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

(ဃ) စီမံကိန်းလုပ်ငန်းဆောင်ရွက်ပြီးသော မြို့နယ်များအား စီမံကိန်းပိတ်သိမ်းရာတွင် ထားရှိရမည့် M&E/MIS နှင့်ပတ်သက်သည့် အချက်အလက်များ ပို့ချမည့်သင်တန်းအား ဖေဖော်ဝါရီလ အတွင်း သင်တန်းများ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

**စောင့်ကြည့်အကဲဖြတ်ခြင်းနှင့် အချက်အလက်များစီမံခန့်ခွဲခြင်း**

| **သုံးလပတ်အတွင်းလုပ်ငန်းတိုးတက်မှု** | **သုံးသပ်ချက်နှင့် ဆက်လက်ဆောင်ရွက်ချက်များ** |
|---|---|
| <u>MIS</u><br>• ဆဋ္ဌမနှစ် Union MSR တွင် M&E/ MIS Section အနေဖြင့် ပြခန်းများ အောက်တိုဘာလ အတွင်း ကျင်းပပြုလုပ်ပြီး ဖြစ်ပါသည်။ | <u>MIS</u><br>• ဆဋ္ဌမနှစ် စီမံကိန်းစက်ဝန်းအတွင်း ပြည်နယ်/ တိုင်းတွင် စီမံကိန်းတာဝန်ခံများ၊ မြို့နယ်များမှ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်း တာဝန်ခံများ တို့အား **M&E / MIS** နှင့် ပတ်သက် ဆက်နွယ် သော အသုံး ပြုပုံများ သင်တန်းအား ပြည်နယ် /တိုင်းများသို့ သင်တန်း သွားရောက် ပို့ချမည် ဖြစ်ပါသည်။ စီမံကိန်း မြို့နယ်များသို့လည်း ကွင်းဆင်း ဆောင်ရွက်မည် ဖြစ်ပါသည်။<br>• စီမံကိန်း နောက်ဆုံးနှစ်ရောက်ရှိနေသော စီမံ ကိန်းမြို့နယ်များအား ပြည်ထောင်စု အဆင့် စောင့်ကြည့်ကြီးကြပ်ရေး အဖွဲ့မှ ကွင်းဆင်း စစ်ဆေးသွားမည် ဖြစ်ပါသည်။<br>သတ္တမနှစ် စီမံကိန်းအတွက် စီမံကိန်း လုပ်ငန်းပြီးသော မြို့နယ်များအား M&E/MIS Section အနေဖြင့် Form များ ပြင်ဆင်ရန် ဇန်နဝါရီလ အတွင်း သင်တန်းများ ကျင်းပ ပြုလုပ်မည် ဖြစ်ပါသည်။ |
| <u>GIS</u><br>သုံးလပတ်အတွင်းရှိသော သင်တန်းများတွင် ချိတ်ဆက်ပြီး<br>• **MIS**အချိန်နှင့်တပြေးညီအချက်အလက် **(PC 8)** နှင့် **GIS dashboard** အချက်အလက် အကြား | <u>GIS</u><br>• **MIS**အချိန်နှင့်တပြေး ညီအချက်အလက် **(PC 8)** နှင့် **GIS dashboard** အချက် အလက်များ |

| | |
|---|---|
| ကွာဟချက် များအားလုံး အချိန်နှင့် တပြေးညီ စိစစ်ပြီး ဆောင်ရွက်ခဲ့ပါသည်။<br><br>**<u>အစီရင်ခံခြင်း</u>**<br>• နှစ်ပတ်လည်အစီရင်ခံစာအား www.cdd.drdmyanmar.org တွင် တင်ထားပြီး ဖြစ်ပါသည်။<br>• မြို့နယ်အချို့မှာ သုံးလပတ် အစီရင်ခံစာအား အချိန်မီ တင်ပြမှု အားနည်းသည်။ | တူညီမှု ရှိစေရန် အချက်အလက်များ ပုံမှန် စစ်ဆေးရန်။ |

၇။ သတင်းပြန်ကြားဆက်သွယ်ရေး

| | Issues and Activities | Comments and Next Steps |
|---|---|---|
| *Activities this quarter (April to June 2019)* | | *Next action plan (July to Sep 2019)* |
| | • TownshipMSRများတွင်ပါဝင်ဆောင်ရွက်ခြင်း၊<br>• တီရှပ်၊ ကျားမရေးရာ လက်စွဲစာအုပ် လည်ပတ်ပြုပြင်ထိန်းသိမ်းစာအုပ် ဗီနိုင်း အကြံပြုစာအိတ်၊ စီမံကိန်းဆိုင်းဘုတ်များ စာချုပ်ချုပ်ဆို ဝယ်ယူဖြန့်ဝေခဲ့သည်။<br>• Video Editing Training (ဒုတိယအကြိမ်)ကို ဇူလိုင်လ ၈ ရက်နေ့မှ ၁၃ ရက်နေ့အထိ သင်တန်းသားစုစုပေါင်း (၇၁)ဦးအား ပို့ချရန် (ပြည်နယ်/တိုင်း(၈)ခုမှ မြို့နယ်(၂၆)မြို့နယ်မှ ဝန်ထမ်းများအတွက်)၊<br>• သတင်းစာမီဒီယာတွင် သတင်းပါရှိမှု အရေ အတွက် ကောက်ခံပြီး သတင်းများအား စီမံကိန်း website တွင် ဖော်ပြခဲ့သည်။<br>• မြို့နယ်များ၏ Information Campaign ပွဲများကို စိစစ်ပေးခဲ့သည်။<br>• စီမံကိန်း အောင်မြင်မှုဇာတ်လမ်းများ စုဆောင်း ခဲ့သည်။ | • ကျန်ရှိနေသော township MSR များတွင် ပါဝင်ဆောင်ရွက်ရန်၊<br>• မြို့နယ် Information Campaign များ ပြုလုပ်မှုကို စိစစ်ရန်၊<br>• စီမံကိန်းမြို့နယ်များသို့ ကွင်းဆင်းခရီးစဉ်များ သွားရောက်ရန်၊<br>• စီမံကိန်းမြို့နယ်အချို့သို့ Media Monitoring Trip သွားရောက်ရန်<br>• စီမံကိန်း သတင်းများကို စီမံကိန်း website နှင့် social media တို့တွင် ဖော်ပြသွားရန်၊<br>• မြို့နယ်အဆင့် Communications Training များကို Union Communications Team မှ သွားရောက်ပို့ချရန် (အထူးသဖြင့် မြို့နယ်အသစ် ၁၆ မြို့နယ်အတွက်)<br>• ၈-၁၀-၂၀၁၉ တွင် Union Level Review Meeting ကျင်းပရန်<br>• Project IEC material များ ဝယ်ယူရန်။ |

| | | |
|---|---|---|
| | • Updated Communications Strategy နှင့် Action Plan ကို စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြထားဆဲဖြစ်သည်။<br>• Communications Consultant ငှားရမ်းနေဆဲဖြစ်ပါသည်။ | |

**၈။ ဝေဖန်အကြံပြုတိုင်ကြားချက်များလက်ခံရရှိမှုအခြေအနေ**

၁၆။ ၂၀၁၉ ခုနှစ် စတုတ္ထ သုံးလပတ်တွင် ဝေဖန်အကြံပြုတိုင်ကြားစာပေါင်း ၆၆၂ ခု လက်ခံရရှိပြီး အကြံပြုစာ **၉** စောင် ( ၁.၄ %) သည် **"core grievances"** (စီမံကိန်းမူဝါဒ၊ လမ်းညွှန်ချက်၊ လုပ်ထုံးလုပ်နည်းများအား ချိုးဖောက်ခြင်း၊ သဘောတူစာချုပ် ချိုးဖောက်ခြင်း၊ ရန်ပုံငွေအလွဲသုံးစားပြုခြင်း၊ မသင့်လျော်သော ဝင်ရောက်စွက်ဖက်မှု(လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်း)) များဖြစ်သည်။ **(၃၁-၁၂-၁၉)**ရက်နေ့အထိ ၆၆၀ (၉၉.၇ % )ဆောင်ကို ဖြေရှင်း ဆောင်ရွက်ပြီး ဖြစ်ပါသည်။ (ဇယား- ၈,၉)

၂၀၁၄ ခုနှစ် ဇူလိုင်မှ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလထိ ဝေဖန်အကြံပြုစာစုစုပေါင်း ၂၆၆၁၁ စောင် လက်ခံရရှိ ပြီး ၂၆၆၀၈ (၉၉.၉၉ %) ခုအားဖြေရှင်း ဆောင်ရွက်ပြီးဖြစ်ပါသည်။

သုံးလပတ်အတွင်းဝေဖန်အကြံပြုတိုင်ကြားစာများအား စိစစ်ခြင်း

- ဝေဖန်အကြံပြုတိုင်ကြားစာများကို ကျေးရွာအုပ်စုနှင့် ကျေးရွာ အဆင့်တွင် ၄၈(၇%)စောင်၊ မြို့နယ်အဆင့်တွင် ၅၅၅ (၈၄%)စောင်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်တွင် ၁၃(၂%) စောင်နှင့် ပြည်ထောင်စုအဆင့်တွင် ၄၆(၇%) လက်ခံရရှိခဲ့ပါသည်။
- ဝေဖန်အကြံပြုတိုင်ကြားစာ ပေးပို့မှုတွင် အမျိုးသားများမှ ၂၅၆(၃၉%)စောင်၊ အမျိုးသမီး များမှ ၁၂၈(၁၉%)နှင့် ကျား/မ မဖော်ပြထားသော ဝေဖန်အကြံပြုစာစောင် ၂၇၈(၄၂%) စောင် လက်ခံရရှိခဲ့ပါသည်။
- ဝေဖန်အကြံပြုတိုင်ကြားစာများကို အကြံပြုစာတိုက်ပုံးမှ ၅၅၆(၈၄%)စောင်၊ လူကိုယ်တိုင် ၅၀(၈%)စောင်၊ တယ်လီဖုန်းဖြင့် **၃၆**(၅%)စောင်၊ **E-mail**ဖြင့် **၉(၁%)**စောင်၊ အကြံပြုကိုယ်စားမှတဆင့် **၄**(၁%)စောင်၊ အခြားဖြင့် ၇(၁%) လက်ခံရရှိ ခဲ့ပါသည်။ ဝေဖန်အကြံပြုတိုင်ကြားစာ **၆၄၆** (၉၈%)စောင်သည် ကျေးရွာအဆင့်မှ ဝေဖန်အကြံပြု တိုင်ကြားစာများ ဖြစ်သည်။

၁၇။ **ဖြေရှင်းဆောင်ရွက်သည့်အချိန်ကာလ**

ကျေးဇူးတင်စာများကို (၈)ရက်အတွင်း၊ မသင့်လျော်သော ဝင်ရောက် စွက်ဖက်မှု (လုပ်ပိုင် ခွင့်ကို အလွဲသုံးစားပြုခြင်း)စာများကို (၂၇)ရက်အတွင်း၊ စီမံကိန်းမူဝါဒများ လုပ်ထုံးလုပ်နည်းများဆိုင်ရာ သာမန်မေးမြန်းစုံစမ်းခြင်းစာများကို(၉)ရက်အတွင်း၊ တာဝန်ယူနိုင်မှုပြင်ပတွင်ရှိသော ကိစ္စရပ်များအား (၁၃) အတွင်း၊ ဝန်ထမ်းရေးရာနှင့် အခြား အကြောင်းအရာများကို**(၈)**ရက် အတွင်း၊ စီမံကိန်းမူဝါဒများ လုပ်ထုံးလုပ်နည်းများ ချိုးဖောက်ခြင်း များကို **(၃၀)**ရက် အတွင်း၊ အတွင်းနှင့် အကြံပြုစာများကို**(၁၄)**အတွင်း

ပျမ်းမျှဖြေရှင်း အကြောင်း ပြန်နိုင်ခဲ့ပြီး သုံးလပတ်အတွင်း လက်ခံ ရရှိခဲ့သော ဝေဖန်အကြံပြု တိုင်ကြားစာ အားလုံးကို ပျမ်းမျှ(၁၀)ရက်အတွင်း ဖြေရှင်းအကြောင်း ပြန်နိုင်ခဲ့ ပါသည်။

၁၈။ **Core Grievances** များကို အမျိုးအစားခွဲခြားခြင်း

- စီမံကိန်းမူဝါဒ၊ လမ်းညွှန်ချက်၊ လုပ်ထုံးလုပ်နည်းများအား ချိုးဖောက်ခြင်း- **၈** စောင်(**၉**စောင် ဖြေရှင်းပြီး၊ **၁** စောင် ဖြေရှင်းဆဲ)၊
- သဘောတူစာချုပ်ချိုးဖောက်ခြင်း- ၁ စောင်(ဖြေရှင်းပြီး)၊

၁၉။ ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့၏ ဆောင်ရွက်ချက်များ

- **Union Monitoring Visits;** တိုင်းဒေသကြီး/ပြည်နယ်အဆင့်မှ အကြံပြုကိုယ်စားလှယ်များ Morintoring ပုံမှန်ဆင်းရန်၊ TTA နှင့် DRD CSAGမရှိတဲ့ မြို့နယ်များကို GHM refresher Training ပေးရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်နှင့် TTAမရှိတဲ့ မြို့နယ်များအတွက်အပတ်စဉ်အစီရင်ခံစာ ပြုစုဆောင်ရွက်ပေးရန် ညွှန်ကြားထားပါသည်။ ညွှန်ကြားချက်ပြီးနောက် မြို့နယ်များနှင့် တိုင်းဒေသကြီး/ ပြည်နယ်များအဆင့်မှ အကြံပြုကိုယ်စားလှယ်များသည် Morintoring(၂၂)ကြိမ် ခရီးစဉ် သွားရောက်ခဲ့ပါသည်။
- Staffing; ဦးကျော်မြတ်သူ (National GHM Expert)သည် ပြည်ထောင်စုအဆင့် ဝေဖန်အကြံပြု တိုင်ကြားရေးအဖွဲ့တွင် ဒီဇင်ဘာလ(၁)ရက်နေ့မှ စတင်၍ တာဝန်ထမ်းဆောင် ခဲ့ပါသည်။

## ၉။ ကျားမရေးရာနှင့်လူမှုဆိုင်ရာများ

၂၀။ ကျားမရေးရာနှင့် ပတ်သက်သော အမျိုးသမီးများ ပူးပေါင်းပါဝင်မှု အခွင့်အလမ်းဆိုင်ရာ ဆွေးနွေးပွဲ စကားဝိုင်းအား ပြည်ထောင်စုအဆင့်မှ ဦးဆောင်ပြီး မြို့နယ် (၁၉)မြို့နယ်များတွင် ကျင်းပပြုလုပ် နိုင်ခဲ့ ပါသည်။ Public Dialogue အား စီမံကိန်းမြို့နယ်ပေါ်မူတည်ပြီး Current နှင့် Phase-out Guideline နှစ်မျိုးခွဲခါ ကျင်းပ ပြုလုပ်ခဲ့ပါ သည်။

ထိုဆွေးနွေးပွဲတွင် သတ်မှတ်မေးခွန်းများကို အားလုံးဆွေးနွေးနိုင်ခြင်း၊ အမျိုးသမီးကွန်ရက် အဖွဲ့ဝင် များ စိတ်ပါဝင်စားမှုရှိခြင်း၊ တတ်ရောက်သော အစိုးရဌာနဆိုင်ရာများ နှင့် ချိတ်ဆက်ဆောင်ရွက် တက်လာ ခြင်း၊ မိမိအဖွဲ့အစည်းအတွက် လိုအပ်ချက်များအား ဖော်ထုတ်တင်ပြ လာခြင်း၊ ဌာနဆိုင်ရာများ၏ လုပ်ငန်း များကို သိရှိခွင့်ရခြင်း၊ ကလေးသူငယ် အခွင့်အရေးနှင့်၊ အကြမ်းဖက်မှုအကြောင်းအရာများ သိခွင့်ရရှိခြင်း များကို တွေ့ရှိရပါသည်။

ကျားမရေးရာ သုံးလပတ်အစည်းအဝေးအား တတ်ရောက်သူ စုစုပေါင်း ( ၈၉ )ဦး ဖြင့်ကျင်းပပြု လုပ်ခဲ့ ပါသည်။ အစည်းဝေးတွင် ကျားမရေးရာအစီရင်ခံစာတွင်တွေ့ရှိချက်များနှင့် လူထုစကားဝိုင်းနှင့် ပက်သက် သည့်အချက်များနှင့် လုပ်သားအစီရင်ခံစာ တွေ့ရှိချက်များတင်ပြ ဆွေးနွေးခြင်းများပြုလုပ်ခဲ့ပါသည်။

## ၂၁။ အခက်အခဲများနှင့်ကန့်သက်ချက်များ

ပြည်နယ်နှင့် တိုင်းဒေသကြီး မှ ကျား/မရေးရာနှင့် ပက်သက်ပြီး ကွင်းဆင်းနိုင်မှု အားနည်းကြောင်း တွေ့ရှိရပါသည်။ တစ်ချို့သော ကျား/မရေးရာတာဝန်ခံများသည် ကျေးလက်ဦးစီးမှ တာဝန်များကို

ထမ်းဆောင်နေရခြင်း ၊ လူအချိန်းအပြောင်းများဖြစ်သောကြောင့် အလုပ်လုပ်ဆောင်မှုတွင် အတားအဆီး များကို တွေ့ရှိရပါသည်။

**၂၂။ အထောက်အပံ့များထောက်ပံ့ခြင်း**
**Development of Materials**

Gender Manual ၊ Gender Checklist နှင့် Gender Success Story စာအုပ်အား အချောသတ် ရေးစွဲပြီးဖြစ်ပြီး မြို့နယ်များသို့ ဖြန့်ဝေခဲ့ပြီးဖြစ်ပါသည်။

**<u>စောင့်ကြည့်လေ့လာခြင်းနှင့်အချက်အလက်များစုဆောင်းခြင်း</u>**
**စောင့်ကြည့်ခြင်းနှင့်ကောက်ယူခြင်း၏ရလဒ်များ (Monitoring and data collection)**

အမျိုးသမီးများသည် လမ်းတိုင်းတာခြင်း လုပ်ငန်းအကောင်အထည်ဖော်ခြင်းတို့တွင် အားတက်စွာ လုပ်ကိုင်လာခြင်း၊ အမျိုးသမီးများသည် စီမံကိန်း၏သဘောတရားများကို အကျိုးကျေးဇူးများကို နားလည် လာပြီးစီမံကိန်းကို ပိုမိုစိတ်ဝင်စားလာခြင်း၊ ဦးဆောင်မှုအပိုင်းတွင် တက်ကြွစွာ ပိုမိုပါဝင်လာခြင်း များကို တွေ့ရပါသည်။

စီမံကိန်းထဲမဝင်မီ စာရင်းဇယားများတွက်ချက်ရာမှာ အခက်အခဲ ဖြစ်ခဲ့ရပါတယ်၊ ပိုက်ဆံ လေးငါး သောင်းကိုပင် တွက်ချက်ရန်အဆင်မပြေဖြစ်ခဲ့ရပြီး လူထုဗဟိုပြုစီမံကိန်းတွင် စာရင်းကိုင်အဖြစ် တာဝန်ယူ ဆောင်ရွက်ရချိန်မှ စတင်၍ ပမာဏများစွာသော ငွေစာရင်းများကို သေချာတိကျစွာ စနစ်တကျ ကိုင်တွယ် အသုံးပြုလာနိုင် ပါတော့သည်။ (ဒေါ်သန်းကြည်၊ ပန်းတောင်းမြို့နယ်)

အမျိုးသမီးများအနေဖြင့် ပူးပေါင်းပါဝင်မှု ကောင်းသည့်အတွက် လည်ပတ်ထိန်းသိမ်း ရံပုံငွေ ကောက်ရာတွင် ပိုမိုထည့်ဝင် ခဲ့သည့်အတွက် ကျေးရွာဖွံ့ဖြိုးရေးအား ပိုမို လုပ်ဆောင်နိုင်ခဲ့ခြင်း။ ကော်မတီ အမျိုးသမီးတို့သည် စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် ကျေးရွာလူထုအားလုံး ပါဝင်နိုင်ရေး၊ ကျေးရွာ အာဏာပိုင်များနှင့်ညှိနှိုင်းပေးနိုင်ခြင်း၊ တာဝန်ယူမှု တာဝန်ခံမှု အားကောင်းလာခြင်းစသည့် စွမ်းဆောင်ရည် များ တိုးတက်လာသည်ကို တွေ့ရပါသည်။

ကျေးရွာလူထုအမျိုးသားတစ်ဦးဖြစ်သူ ဦးပေါင်လျှန်းထန်မှ "အရင်ကဆိုရင် အိမ်မှုကိစ္စများသည် အမျိုးသမီးများ ကဏ္ဍအဖြစ်သာ ယူဆမိပါတယ်၊ ဒါပေမယ့် အခု လူထုဗဟိုပြုစီမံကိန်း၏ ကျား-မ ရေးရာ ကဏ္ဍကို နားလည်လာသည့်အခါ ကျွန်တော့်ရဲ့ အမျိုးသမီးကို အိမ်မှုကိစ္စနှင့်ပတ်သက်၍ အရင်းကထက် ကူညီတတ်လာပြီး မိသားစုအတွင်း ဆက်ဆံရေး ပိုမိုအဆင်ပြေလာကြောင်း တွေ့ရှိရပါသည်" ဟု ဆွေးနွေး ထားသည်ကိုလည်းတွေ့ရသည်။

ယခင်ကဆို သောက်သုံးရေ ရှားပါးသည့်အတွက် ချောင်းရေ ကို အသုံးပြုခဲ့ရတယ် ယခုစီမံကိန်းမှ စိမ့်စမ်းရေသွယ် ဆောင်ရွက်ပေးသောကြောင့် အမျိုးသမီးများအနေနဲ့ အချိန်ကုန်သက်သာပြီး လွယ်ကူစွာ သောက်သုံးရေ ကို ရရှိခဲ့ကြပါတယ်။ CF များအကြံပြုချက်အရ ကျား-မ ရေးရာအခန်းကဏ္ဍ ပြောင်းလဲမှုမရှိ၊ တိုးတက်မှုမရှိသော ကျေးရွာများကို စာရင်းကောက်ယူ၍ သီးသန့် ဆောင်ရွက်မှုများပြုလုပ်ပေးရန်။ ကော်မ တီဝင်များသာမက ကျေးရွာလူထု များအား ကျား-မရေးရာ အသိပညာပေး လုပ်ပေးစေချင်ကြောင်း အကြံပြု ထားပါသည်။

**၂၃။ နောင်ဆောင်ရွက်မည့်အဆင့်များ**

**မြို့နယ်အဆင့်)** TA/DRD) - အမျိုးသမီးကွန်ယက်အဖွဲ့များနှင့် public Dialogue ကျင်းပရန်၊ မြို့နယ် ကျားမရေးရာအစီရင်ခံစာအား ပြည်နယ်/တိုင်းအဆင့်သို့ ပေးပို့ခြင်း၊ ပြည်ထောင်စုအဆင့်သို့ မိတ္တူပေးခြင်း မြို့နယ်များမှ ကျေးရွာကော်မတီဝင်များသို့ ကျားမရေးရာ သင်တန်းများ ပေးပို့ရန် လိုအပ်ပါသည်။

**ပြည်နယ်/တိုင်းအဆင့်**

လစဉ်အစီရင်ခံစာအားပြည်ထောင်စုအဆင့်သို့တင်ပြခြင်း

စီမံကိန်းမြို့နယ်များရှိ အမျိုးသမီးကွန်ယက်အဖွဲ့များနှင့် Public dialogue ကို စုစုပေါင်း ၁၇ မြို့နယ် တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အစီရင်ခံသည့်ကာလအတွင်း မြို့နယ်(၅၄) မြို့များမှ ကော်မတီ ဝင်များသည် ကျေးရွာအဆင့် လုပ်ငန်းလည်ပတ်ပြုပြင် ထိန်းသိမ်းနိုင်ရန်အတွက် ကော်မတီဝင် များနှင့် တွေ့ဆုံခြင်း၊ လုပ်ငန်းအပြီးသတ် ဆွေးနွေးခြင်းနှင့် ကျေးရွာကော်မတီဝင်များအား စွမ်းဆောင်ရည် ပြန်လည်ဆန်းစစ်ခြင်း၊ လူထုစစ်ဆေးပွဲများပြုလုပ်ခြင်း၊CMT သင်တန်းများ လူထုစစ်ဆေးပွဲတွင် ကျားမ ပါဝင်မှု၊ နည်းပညာအစည်းအဝေးတွင် ကျားမတန်းတူ ဆုံးဖြတ်ချက်ချနိုင်မှုနှင့် တတိယအကြိမ် အစည်း အဝေးတွင် ကျားမတန်းတူဆုံးဖြတ်ချက်ချနိုင်မှုနှင့် ကျားမရေးရာသင်တန်းများအား အကြိမ်ရေ (၂၁၃) ကြိမ် ရရှိခဲ့ပြီး ကော်မတီစုစုပေါင်း ( ၄၂၅၁၃)ဦး ရရှိခဲ့ပါသည်။

ကျားမရေးရာ လစဉ်အစီရင်ခံစာတွင် တွေ့ရှိချက်များမှာ အမျိုးသားအမျိုးသမီး ခွဲခြားဆက်ဆံ မှုလျော့သွားကြောင်း တွေ့ရပါသည်။ သင်တန်းများတက်ရောက်ရတဲ့အတွက် အမျိုးသမီးတွေက ယခင် ကထက် ပြောရဲဆိုရဲရှိ ပြီး ကျား-မရေးရာ သဘောတရားတွေကို ယခင်ကထက် နားလည်လာတဲ့အတွက် ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ အမျိုးသမီးတွေက ပူးပေါင်းပါဝင်မှု အခွင့်အရေးတွေ ရရှိလာပါတယ်။ လူထု ဗဟိုပြုစီမံကိန်း ဝင်ရောက် လာပြီး ကော်မတီဖွဲ့စည်းရာအမျိုးသမီးကော်မတီအဖြစ် ရွေးချယ်ခံရသဖြင့် အမျိုးသားများနှင့်တန်းတူဦးဆောင်ကာ အလုပ်လုပ်ခဲ့ရသည့်အတွက် ပြောရဲဆိုရဲရှိလာပြီး ကျေးရွာ အုပ်ချုပ် ရေးပိုင်းတွင်လည်း ဦးဆောင်ခွင့် ရလာပါသည်။

ယခင်က အစည်းအဝေးနှင့်ဝင်ငွေ ရရှိတဲ့ လုပ်ငန်းများတွင် နောက်တွင် ကျန်ရစ်ခဲ့သော်လည်း ယခုအခါ ဦးဆောင်နိုင်ပြီး ဝင်ငွေရှာဖွေနိုင်သော လုပ်ငန်းများ လုပ်ကိုင်လာနိုင်ခြင်းကို တွေ့ရှိရပါသည်။ အမျိုးသမီးများသည် ယခင်ကတောင်ယာအလုပ်ဖြင့် အချိန်ကုန်ပြီး ဗဟုသုတနည်းပါးခဲ့ပြီး လူထုဗဟိုပြု စီမံကိန်းတွင် အုပ်စုဥက္ကဋ္ဌဖြစ်လာသောအခါ မြို့နယ်ရုံးများနှင့် ဆက်သွယ်လုပ်ဆောင်လာနိုင်သည့်အပြင် ဘဏ်နှင့် ချိတ်ဆက်ပြီး ငွေသွင်းငွေထုပ်သောစနစ်များပါ တက်ကျွမ်းလာပါသည်။

**နောင်တွင်ပြုလုပ်ရမည့်အချက်များ**

- ကျားမရေးရာ သုံးလပတ်အား နိုဝင်ဘာလတွင် ကျင်းပြုလုပ်သွားမည်ဖြစ်ပါသည်။
- ကျားမရေးရာနှင့် ပက်သက်သော ကွင်းဆင်းဆောင်ရွက်မှုများပြုလုပ်သွားမည်ဖြစ်ပါသည်။

**၁၀။ ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာစီမံချက်များ(VDP)**

၂၄။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက် VDP စာအုပ်အား မြို့နယ်စုစုပေါင်း(၅၄)မြို့နယ်၏ စာအုပ်များကို Website တွင် Upload တင်ရမည်ဖြစ်ပြီး မြို့နယ် (၄၆)မြို့နယ် မှာ 100% တင်ထားပြီး ကျန်ရှိသော မြို့နယ် (၈)မြို့နယ်

မှာ upload တင်နေဆဲဖြစ်ပါသည်။ (၃)လအတွင်း VDP Integration Workshop ပြုလုပ်သော မြို့နယ်မှာ ကျောက်ကြီး၊မိုးညို၊ဘီးလင်း၊ကြာအင်းဆိပ်ကြီး တို့ဖြစ်ပါသည်။

အင်္ဂပူ၊ လှိုင်းဘွဲ့၊ ကော့ကရိတ်၊ဂွ၊ မိုင်းခတ်၊ သဲကုန်း၊ ရွှေကျင်၊ ပုဏ္ဏားကျွန်း၊ မောက်မယ်စသည် မြို့နယ်များနှင့် စတုတ္ထနှစ်စက်ဝန်းသို့ ရောက်ရှိနေသော မြို့နယ်(၂၀)မှာ VDP Integration Workshop အား (အောက်တိုဘာ ၂၀၁၉- စက်တင်ဘာ ၂၀၂၀) ၏ ဘတ်ဂျက်လအတိုင်း ဆက်လက်ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

## ပူတာအိုမြို့နယ်

ပူတာအိုမြို့နယ် ရဝမ်ရိုးရာမနောကွင်း ခရန်ခူးခန်းမတွင် (၄.၉.၂၀၁၉) နှင့် (၆.၉.၂၀၁၉) နေ့ (၂) ရက် ကြာ VDP Workshop ကျင်းပပြုလုပ်ခဲ့ပါသည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန (နေပြည်တော်ရုံးချုပ်) မှ တာဝန်ရှိသူများ၊ ပြည်နယ်မှ တာဝန်ရှိသူများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကျေးရွာအုပ်စု အုပ်ချုပ် ရေးမှူးများ၊ ကျေးရွာအုပ်စုစီမံကိန်း အထောက်အကူပြုဥက္ကဋ္ဌများ (ကျား-၁၊ မ-၁) တို့ တက်ရောက်၍ ကျင်းပပြုလုပ်ခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့ ( ၄.၉.၂၀၁၉) ရက်နေ့တွင် World Concern ၊ Medical Action Myanmar နှင့် မေတ္တာဖောင်ဒေးရှင်း မှ တာဝန်ရှိသူများက မိမိတို့ project ၏ လုပ်ငန်းဆောင်ရွက်မှုများကို အနှစ်ချုပ် တင်ဆက်ပြသပြီး၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာအုပ်စုစီမံကိန်း အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ (ကျား-၁၊ မ-၁) တို့က ကျေးရွာလူထုမှ ရေးဆွဲထားသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များအပေါ် ပြန်လည်သုံးသပ် ပြီး အခြေခံအဆောက် အဦကဏ္ဍ၊ လူမှုစီးပွားရေးကဏ္ဍ၊ အသက်မွေးဝမ်းကြောင်းကဏ္ဍ၊ သဘာဝဘေးအန္တရာယ်လျော့ ပါးရေးကဏ္ဍ စသည်ဖြင့် ကဏ္ဍအစုံ အဖွဲ့ (၄) ဖွဲ့ခွဲ၍ ကျေးရွာဖွံ့ရေးအတွက် လိုအပ်သော လုပ်ငန်းများ ၎င်းဖွံ့ဖြိုးရေးလုပ်ငန်းများ မရှိသေးသည့်အတွက် တွေ့ကြုံနေရသည့် အခက်အခဲများ၊ ၎င်းဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် လိုအပ်ချက်များ၊ ၎င်းဖွံ့ ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးပါက ရရှိလာမည့် အကျိုးကျေးဇူးများကို အသေးစိတ် ဆွေးနွေးခဲ့ကြပြီး ပထမနေ့အလုပ်ရုံ ဆွေးနွေးပွဲကို ပိတ်သိမ်းခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ (၆.၉.၂၀၁၉) တွင် မြို့နယ်နည်းပညာ အကြံပေး အဖွဲ့ခေါင်းဆောင် ဦးထွန်းကိုကိုက ပထမနေ့အလုပ်ရုံဆွေးနွေးပွဲတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် ကျေးရွာလူထုမှ ဆွေးနွေးချက်များနှင့် လိုအပ်သောလုပ်ငန်းများကို အနှစ်ချုပ်တင်ပြခြင်း၊ ဌာနဆိုင်ရာများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ အစီအစဉ်များ၊ လုပ်ဆောင်မှုများကို ဆွေးနွေးခြင်းနှင့် ကျေးရွာလူထုမှ ရေးဆွဲထားသော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များ အပေါ်သုံးသပ်ပြီး ပူတာအို မြို့နယ်ဖွံ့ဖြိုးတိုး တက်ရေးအတွက် အခြေခံအဆောက်အဦ ကဏ္ဍ၊ လူမှုစီးပွားရေးကဏ္ဍ၊ အသက် မွေးဝမ်းကြောင်း ကဏ္ဍ၊ သဘာဝဘေးအန္တရာယ်လျော့ပါးရေးကဏ္ဍ စသည်ဖြင့် ကဏ္ဍအလိုက် (၄) ဖွဲ့ခွဲ၍ မြို့နယ်ဖွံ့ဖြိုးရေးအတွက်လိုအပ်သော လုပ်ငန်းများ၊ ၎င်းဖွံ့ဖြိုးရေး လုပ်ငန်းများ မရှိသည့်အတွက် မြို့နယ်အခက်အခဲများ၊ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် နည်းလမ်း၊ အခက်အခဲများနှင့် မြို့နယ်အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။ ထို့နောက် အဖွဲ့လိုက် ဆွေးနွေးမှုများကို ပြန်လည်တင်ပြ၍ ဒုတိယနေ့အလုပ်ရုံ ဆွေးနွေးပွဲကိုပိတ်သိမ်းခဲ့ပါသည်။

## တွေ့ရှိချက်

ပူတာအိုမြို့နယ်တွင် ကျေးရွာအုပ်စုပေါင်း (၁၄) အုပ်စု၊ ကျေးရွာပေါင်း (၁၁၃) ရွာရှိပြီး လူထုဗဟိုပြုစီမံကိန်းအနေဖြင့် ကျေးရွာလူထုမှ ရေးဆွဲထားသော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် များပါ စီမံကိန်းလုပ်ငန်းများကို ကျေးရွာတိုင်းတွင် အကောင်အထည် ဖော်ဆောင် ရွက်ခဲ့ပါသည်။ ၂၀၁၈-၂၀၁၉ ခုနှစ် စီမံကိန်း ပထမနှစ်တွင် စီမံကိန်းလုပ်ငန်းခွဲပေါင်း (၉၆) ခု အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ပြီး၊ ၂၀၁၉-၂၀၂၀ ခုနှစ် စီမံကိန်း ဒုတိယနှစ်တွင် စီမံကိန်းလုပ်ငန်းခွဲပေါင်း (၉၄)ခုကို အကောင်အထည်ဖော် ဆောင်ရွက်လျှက် ရှိပါသည်။

Phase Out ပြုလုပ်ပြီးသော မြို့နယ်(၁၈)မြို့နယ်တွင် VDP Workshopများ ကျင်းပပြုလုပ်ခဲ့ပြီး ပလက်ဝမြို့နယ် တစ်မြို့နယ်သာ Workshop ပြုလုပ်ရန် ကျန်ရှိပါသည်။

**VDP Workshops Finished List for (18 Phase Out townships)**

| No | Townshiop | First Time | Second Time | Remark |
|---|---|---|---|---|
| 1 | Hpruso | √ | √ | Phase Out (All Finished) |
| 2 | Kyarinnseikkyi | √ | √ | |
| 3 | Moenyo | √ | √ | |
| 4 | Chaungzon | √ | √ | |
| 5 | Ngazun | √ | √ | |
| 6 | Demoso | √ | √ | |
| 7 | Plattwa | √ | * | Not Yet (target - March 2020) |
| 8 | Myaung | √ | √ | Phase Out (All Finished) |
| 9 | Bamauk | √ | √ | |
| 10 | Thanintharyi | √ | √ | |
| 11 | Kyaukkyi | √ | √ | |
| 12 | Bilin | √ | √ | |
| 13 | Mindon | √ | √ | |
| 14 | NyaungU | √ | √ | |
| 15 | Kawhmu | √ | √ | |

| | | | | |
|---|---|---|---|---|
| 16 | Tharbaung | √ | √ | |
| 17 | Kyangyin | √ | √ | |
| 18 | Lewe | √ | √ | |

**၁၁။ သိပညာနှင့် လေ့လာသင်ယူခြင်း**

| | **သုံးလပတ်အတွင်း လုပ်ငန်းတိုးတက်မှု** | **ပြဿနာများနှင့် နောက်ထပ် လုပ်ဆောင်ချက်များ** |
|---|---|---|
| | လူထုစစ်ဆေးပွဲများ | |
| | • ကာလအဆုံး၌ ပဉ္စမနှစ်မြို့နယ် ၆၁ မြို့နယ် အတွက် လူထုစစ်ဆေး ၉၀၈၂ အနက် ၈၉၈၀၁(၉၈.၈၈%) ပြီးစီးခဲ့ပါသည်။<br>• ကာလအဆုံး၌ ဆဌမနှစ်မြို့နယ် ၅၄ မြို့နယ် အတွက် လူထုစစ်ဆေး ၇၂၇၈ အနက်၆၃၃၉(၈၇.၆၆%) ပြီးစီးခဲ့ပါသည်။ | • ဆဌမနှစ် လူထုစစ်ဆေးပွဲများ လာမည့် သုံးလပတ် အဆုံးတွင် အပြီးသတ် လူထုစစ်ဆေးပွဲ အမြောက် အများ ပြုလုပ်ကြပါလိမ့်မည်။ |
| | **သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ဆွေး နွေးပွဲ (MSR) နှင့် စီမံကိန်းလက်စွဲ (OM)** | |
| | • မြို့နယ်အဆင့် MSR။ ဤကာလ အတွင်း မြို့နယ် **TMSRs** အား မြို့နယ် အနည်းသာ စတင် ပြုလုပ် နိုင်ခဲ့ပါသည်။ အစည်း အဝေး အားလုံးသို့ ပြည်ထောင်စုနှင့် တိုင်းဒေသကြီးရုံးမှ အနည်းဆုံး တာဝန်ရှိသူတစ်ဦးမှ တက်ရောက် နိုင်ခဲ့ပါသည်။ **TMSRs** သည် လူထုစစ်ဆေးပွဲ ၈၀.၁၀**%** ပြီးစီးပြီးသော မြို့နယ် များတွင်သာ ကျင်းပ ပြုလုပ်နိုင်ပါသည်။ | • လာမည့်သုံးလပတ်ကာလအတွင်း မြို့နယ် အမြောက် အများ၏ **MSR** များကို ကျင်းပ ပြုလုပ်မည် ဖြစ်သည်။<br>• ပြည်နယ်/တိုင်း ရုံးခန်းများ ထပ်ပေါင်းများ ပြားလာ ခြင်းကြောင့် **UMSR** လုပ်ငန်းစဉ်တွင် တက်ရောက် သူများနှင့် အစည်းအဝေး အရေ အတွက်များကို ကိုင်တွယ်နိုင်ရန် စီမံခန့်ခွဲရေး နည်းလမ်းအသစ်များ ဖန်တီးရမည်။<br>• ပြည်ထောင်စုအဆင့် **MSR**အား သက်ဆိုင်သူ ပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေး ပွဲကို ဇန်နဝါရီလအတွင်း ကျင်းပမည် ဖြစ်ပါသည်။ |
| | **ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်** | |
| | • ဤသုံးလပတ်အတွင်း ပဉ္စမနှစ် ကျေးရွာဖွံ့ ဖြိုးရေး အစီအစဉ် စုစုပေါင်း ( ၁၁၅၂၄ ) ခု အနက် (၁၁၄၇၈) ပြီးမြောက်သည့်အတွက် ၉၉.၆၀**%** ပြီးမြောက်ခဲ့ပါသည်။ ဆဌမနှစ် ကျေး ရွာဖွံ့ဖြိုးရေးအစီအစဉ် စုစုပေါင်း (၁၀၀၈၆) ခု အနက် (၉၉၉၃) ပြီး မြောက် သည့်အတွက် ၉၉**%** ပြီးမြောက် ခဲ့ပါ သည်။ | • နောင်သုံးလပတ်တွင် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆက်လက်လုပ်ဆောင်သွားပါမည်။ |

**၁၂။ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်ခြင်း**

| | သုံးလပတ်အတွင်းလုပ်ငန်းတိုးတက်မှု | သုံးသပ်ချက်နှင့် ဆက်လက်ဆောင်ရွက်ချက်များ |
|---|---|---|
| | နိုဝင်ဘာလ တွင် **ISM 19** ပြုလုပ်ပြီး ဖြစ်ပါသည်။ ဝန်ထမ်း အင်အားစာရင်းအား ဇယားဖြင့်ဖော်ပြထားပါသည်။ ကမ္ဘာ့ဘဏ်အဖွဲ့နှင့်အတူ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်း အတွင်းရှိ မြို့နယ်များသို့ ပြည်သူလူထုနှင့် သွားရောက်တွေ့ဆုံပြီး လုပ်ငန်းအခက် ခဲများအား ဖြေရှင်းဆောင်ရွက်ခဲ့ပါသည်။<br><br>**<u>ဝန်ထမ်းရေးရာ</u>**<br>• ကဏ္ဍအလိုက် ဝန်ထမ်း ခန့်ထားမှု အခြေ အနမှာ ၃၀/၉/၁၉ထိ အောက်တွင် ဖော်ပြထားသည့် အတိုင်း ဖြစ်သည်။<br>○ တိုင်းဒေသကြီးရုံးများ- ဇယား ၆<br>○ ကျေးလက် လက်အောက်တွင် အကောင်ထည်ဖော်ဆောင် ရွက်လျက်ရှိသော မြို့နယ်၂၀ ခု- ဇယား ၁၂ | ဆက်လက်ဆောင်ရွက်ချက် - ၁) လုပ်ဆောင်ရန် ကျန်ရှိနေသေးသော မြို့နယ်အဆင့် သက်ဆိုင်သူပေါင်းစုံ ပါဝင်သည့် သုံးသပ်ဆွေးနွေးပွဲကို အပြီးသတ်မည်။<br><br>**<u>ဝန်ထမ်းရေးရာ</u>**<br>• **TTA** များနှင့်အတူ မြို့နယ် ၁၆ မြို့နယ်ရှိ ဝန်ထမ်းခန့်ထားမှု အခြေအနေအချို့သော ခြွင်းချက်နှင့်အတူ အဆိုပါ မြို့နယ်များသည် ပြီးခဲ့သော သုံးလပတ်တွင် အချို့ တိုင်းဒေသကြီးရုံးများမှ ပံ့ပိုးမှုများနှင့်အတူ စီမံကိန်းကို ကောင်းစွာ အကောင် အထည်ဖေါ် လုပ်ဆောင်ကြရမည်။ |

**၁၃။ ဆန္ဒအလျောက်ထည့်ဝင်လှူဒါန်းခြင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်**

၂၅။ သဘာဝဘေးကျရောက်မှုကြောင့် ပျက်စီးဆုံးရှုံးမှုအား ထောက်ပံ့ပေးမှုအစီအစဉ် - ဆဌမနှစ်တွင် မြို့နယ် ၁၁ မြို့နယ်အနက် (၄)မြို့နယ်မှာ ကျေးရွာ၏အစီစဉ်ဖြင့် လုပ်ငန်းများ ဆောင်ရွက်ပြီး ဖြစ်ပါသည်။ ဒီးမော့ဆိုမြို့နယ်မှာ တောင်းခံထားသည့် လုပ်ငန်းသည် အကျိုးပြုနိုင်ခြေနည်းပါးသည့် လုပ်ငန်းဖြစ်သည့်အတွက် ရန်ပုံငွေတောင်းခံထားရှိမှု များပြားနေသည်ကို စီစစ်တွေ့ရှိရပါသည်။ မြို့နယ်မှ သဘာဝပေးဖြင့်တင်ပြထားသည့် လုပ်ငန်းများအား (၂၇.၉.၂၀၁၉)ရက်စွဲပါစာအမှတ်၊ ၃၅၆၉/စီမံ-၃ (CDD)/ကျေးလက်(၃)ဖြင့် လုပ်ငန်းပိတ်သိမ်းခွင့်ပြုလိုက်ပြီး ၎င်းလုပ်ငန်းအား စီမံကိန်း ရန်ပုံငွေဖြင့် ဆက်လက်လုပ်ဆောင်ရန် ခွင့်ပြုလိုက်သည်။ ကျန်မြို့နယ်(၅)မြို့နယ်မှာ သဘာဝဘေးဖြင့် ဆောင်ရွက်ရန် လုပ်ငန်းများအား ရုံးချုပ်သို့ တင်ပြထားပြီး ဖြစ်ပါသည်။ ခွဲဝေလျာထားငွေအား အောက်ပါအတိုင်း ဇယားတွင် အသေးစိတ် ကြည့်ရှုနိုင်ပါသည်-

**Supplementary Block Grant for Flood Damage Year 6**

| | Township | Block Grant | Included amount for damage |
|---|---|---|---|
| 1 | Danubyu | 19,390,000 | 19,390,000 |
| 2 | Thabaund | 28,000,000 | 28,000,000 |
| 3 | Ngaputaw | - | - |
| 4 | Kyauktan | - | - |
| 5 | Demoso | 35,130,000 | 35,130,000 |
| 6 | Kyaukkyi | - | - |
| 7 | Nyaung U | 19,669,000 | |
| 8 | Pauk | | |
| 9 | Hlaingbwe | | |
| 10 | Yamethin | | |
| 11 | Ingapu | | |
| | **Total** | | **54,520,000** |

## ၁၄။ အစီရင်ခံထားသော သုံးလပတ်အတွင်းကြုံတွေ့ခဲ့ရသောအခက်အခဲများ

## ၂၆။ (က) နည်းပညာပံ့ပိုးမှုအခက်အခဲများ

### ကျွန်းလှမြို့နယ်

ကျွန်းလှမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံး၏ သုံးလပတ်အတွင်း ကြုံတွေ့ရသော နည်းပညာ အခက်အခဲများမှာ လုပ်ငန်းခွဲ(၁၁၂)ခုမှ (၈၁)ခုသည် လမ်းလုပ်ငန်းများဖြစ်ပြီး မြို့နယ်တွင်း လမ်း ကြိတ်စက်ရှားပါးမှုကြောင့် လမ်းကြိတ်စက်ကို အလှည့်ကျ စောင့်ဆိုင်းအသုံးပြုရသောကြောင့် လုပ်ဆောင်ရာတွင် အခက်အခဲရှိကာ လုပ်ငန်းများပြီးစီးရန်ကြန့်ကြာနေပါသည်။ ဒုတိယနှစ်စက်ဝန်း လုပ်ငန်းများ အကောင်အထည်ဖော်ချိန်တွင် ဒီဇင်ဘာလနောက်ဆုံးပတ်နှင့် ဇန်နဝါရီလ ပထမအပတ်တွင် အချိန်အခါ မဟုတ်မိုးရွာသွန်းခြင်း၊ ကျေးရွာများတွင်လည်း စပါးရိတ်သိမ်းချိန်နှင့် နှမ်းသိမ်းချိန် များဖြစ်နေချိန်များကြောင့် လုပ်ငန်းခွဲများ ဆောင်ရွက်ရာတွင် အခက်အခဲတွေ့ကြုံရပါသည်။

### ကြာအင်းဆိပ်ကြီးမြို့နယ်

ကြာအင်းဆိပ်ကြီးမြို့နယ် ဘဏ္ဍာရေးအနေဖြင့် ကျေးရွာဖိုင်များစစ်ဆေးရာတွင် အချို့မှာ သီးခြားခေါင်းစဉ်အလိုက် ပြေစာများကို မထားရှိဘဲ အားလုံးရောပြီး ဘ(၅)ချုပ်ခြင်းကြောင့် ပြန့်ကျဲကာ စစ်ဆေးခဲ့ရသော အခက်အခဲရှိသော်လည်း ပြေစာများကို ခွဲခြားကာဆောင်ရွက်ပြီး ဖြစ်ကြောင်း တင်ပြ အပ်ပါသည်။ မိုးရာသီကာလတွင် မဆောင်ရွက်နိုင်သေးသော လယ်တောကြီး အုပ်စု၊ လယ်တောကြီး ကျေးရွာမှာ တံတားဆောက်ခြင်းလုပ်ငန်းသည် သစ်သားလုပ်ငန်းပါရှိသည့်အတွက် ယခုအခါ သစ်သား လုပ်ကွက် များ ပိတ်သိမ်း

ကာလဖြစ်၍ ပြီးစီးမှုအခြေအနေ (၅၀%) ရောက်ရှိ ပြီး ဖေဖော်ဝါရီ လကုန်(သို့) ဖေဖော်ဝါရီလ၊ တတိယ အပတ်တွင် ဆောင်ရွက်ပြီးစီးမည် ဖြစ်ကြောင်း ခန့်မှန်းတင်ပြအပ်ပါသည်။

**ကော့ကရိတ်မြို့နယ်**

ရေပေးဝေရေးနှင့်သက်ဆိုင်သော စာရင်းများကောက်ယူရာတွင် soft ware နှင့်ဆိုင်သော အခက်အခဲကြုံတွေ့ရပါသည်။ ကြိုးတံတားအတွက် Design and estimate အတည် ပြုချက် မရရှိသဖြင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု မရှိသေးပါ။ လျှပ်စစ်မီးလင်းရေး ကဏ္ဍအတွက် ကျွမ်းကျင်ပညာရှင်မရှိသဖြင့် estimate တွက်ချက်ရန် အတွက်အခက်အခဲရှိပြီး သက်ဆိုင်ရာဌာန၏ လွှမ်းမိုးမှုနှင့် ကြုံတွေ့နေရပါသည်။

**တနင်္သာရီမြို့နယ်**

တနင်္သာရီမြို့နယ် လူထုဗဟိုပြုစီမံကိန်း စတုတ္ထနှစ်စက်ဝန်းတွင် မြို့နယ် နည်းပညာ အကြံ ပေးများ၊ အဆောက်အဦးဆိုင်ရာ မြို့နယ်တာဝန်ခံ၊ တိုင်းဒေသကြီး အဆောက်အဦ နည်းပညာ အကြံပေးတို့မှ လုပ်ငန်းများအကောင်အထည်ဖေါ်ဆောင်ရွက်ရာတွင် ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး၊ လိုအပ်ချက်များအား အချိန်နှင့် တပြေးညီ ကွင်းဆင်းဆောင်ရွက် လျက်ရှိသောကြောင့် အခက်အခဲ မရှိပါ။

**ပန်းတောင်းမြို့နယ်**

ပန်းတောင်းမြို့နယ်တွင် ကျေးရွာမီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းများ အရေအသွေးကောင်းမွန်ရန်အတွက် EPC ဌာနနှင့် ချိတ်ဆက် လုပ်ကိုင် ရပြီး ၎င်းဌာန၏ ဌာနလုပ်ငန်းများပြီးစီးမှသာ ဆောင်ရွက်ပေးသောကြောင့် လုပ်ငန်း ပြီးစီးရန် ကျန့်ကြာမှုများ ရှိပါသည်။

**ရွှေကျင်မြို့နယ်**

ရွှေကျင်မြို့နယ်တွင် လက်ထောက်နည်းပညာမှူးများအနေဖြင့် လျှပ်စစ်မီးလင်းရေး လုပ်ငန်း များ ဆောင်ရွက်ရာတွင် နည်းပညာပိုင်းဆိုင်ရာ အခက်အခဲများ ရှိပါသည်။

**ကျောက်တန်းမြို့နယ်**

ကျေးရွာလူထု ၅၀ရာခိုင်နှုန်းတက်ရောက်မှု မရှိသောကြောင့် အစည်းအဝေးများ အကြိမ်ကြိမ် လုပ်ရခြင်း။ ဇီးဖြူပင်ကျေးရွာအုပ်စုတွင် ဖြစ်ပေါ်ခဲ့သော တရားရင်ဆိုင်ရမှုများကြောင့် ကျေးရွာအုပ်ချုပ်ရေးမှူးမှ ယခုနှစ် စီမံကိန်းစက်ဝန်းကို မလုပ်ဆောင်နိုင်တော့ကြောင်း ငြင်းဆိုခြင်း။

**ပေါက်မြို့နယ်**

လက်ထောက်နည်းပညာမှူးများသည် Civil များ ဖြစ်သည့် အတွက် မီးလင်းရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြီးကြပ်နိုင်မှု အားနည်း ခဲ့ပါကြောင်း တင်ပြအပ်ပါသည်။

**ဆော့မြို့နယ်**

စီမံကိန်းလုပ်ငန်းများဖြစ်သော RC တံတား နှင့် ကြိုးတံတား များအတွက် ကျွမ်းကျင် လုပ်သားရှားပါး ခြင်း။ လက်ထောက်နည်းပညာမှူးများ ရေပေးဝေရေးလုပ်ငန်းအတွက် တွက်ချက်မှုပိုင်း ဆိုင်ရာ တွင် အားနည်းမှု ရှိခြင်း။ လက်ထောက်နည်းပညာမှူးများ Steel Structure လုပ်ငန်းများ အတွက် တွက်ချက်မှု ပိုင်းဆိုင်ရာတွင် အားနည်းမှုရှိခြင်း။ လက်ထောက် နည်းပညာမှူးများ မီးလင်းရေး လုပ်ငန်းများအတွက် တွက်ချက်မှု ပိုင်းဆိုင်ရာတွင် အားနည်းမှုရှိခြင်း။

**ကြံခင်းမြို့နယ်**

ကြံခင်းမြို့နယ်အနေဖြင့် စတုတ္ထနှစ်စက်ဝန်းတွင် ဆောင်ရွက်ရသော လုပ်ငန်းများတွင် မီးရရှိ ရေးလုပ်ငန်းများ များစွာပါဝင်ခြင်း၊ ၄၀၀ ဗို့အားလိုင်းဖြင့် ချိတ်ဆက်ရသော လုပ်ငန်းများ ပါဝင်သော ကြောင့် EPC ၏ စီမံချက်အတိုင်း ပြုလုပ်ရာတွင် တစ်ချို့ကျေးရွာများမှာ မီးကြိုးတပ်ဆင်၍ မရသေး သဖြင့် လုပ်ငန်းခွဲပြီးစီးမှုများ နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ရပါသည်။

**ငပုတောမြို့နယ်**

**ငပုတောမြို့နယ်အနေဖြင့် အဆောက်အဦ၊ တံတားလုပ်ငန်းများလုပ်ရာတွင် အောက်ခံမြေ အနေ အထား၊** budget **ကန့်သတ်မှုများရှိ၍ အထူးသတိထားဆောင်ရွက်ရန်ရှိပါသည်။ ငပုတောမြို့နယ်အတွက် တိုင်းအင်/ယာများမှ ပုံမှန်ကွင်းဆင်းစစ်ဆေး ပံ့ပိုးမှုများရှိနေ၍ ငပုတောမြို့နယ်အတွက် အထောက်အပံ့ ဖြစ်စေပါသည်။**

**ဓနုဖြူမြို့နယ်**

ဓနုဖြူမြို့နယ်အနေဖြင့် စီမံကိန်းစက်ဝန်းရှိ လုပ်ငန်းစဉ်အဆင့်ဆင့် အရည်အသွေးမီ ဆောင်ရွက်နိုင် ရန်အတွက် ကွင်းဆင်းဝန်ထမ်းများအတွက်လိုအပ်သော စွမ်းဆောင်ရည်မြှင့် သင်တန်း များဖြစ်သည့် Computer Training, Community Management Training ကဲ့သို့သောသင်တန်းများ ပို့ချပေးရန် လိုအပ်ပါသည်။ စီမံကိန်းလုပ်ငန်းခွဲများကို ဆောင်ရွက်ရန်နှင့် မဆောင်ရွက်မီအချိန်တွင် အခြား မြို့နယ်များမှ လိုအပ်ချက်၊အားသာချက်၊ အားနည်းချက်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး အဆင့်မှ Regional Infra (သို့) Township Infra Counterpart သို့ အပတ်စဉ်သို့ လစဉ် သတင်းအချက် အလက်များကို မျှဝေပေးပို့ စေချင် ပါသည်။

**မောက်မယ်မြို့နယ်**

မောက်မယ်မြို့နယ်တွင် ရွေးကောက်ပွဲအတွက် စာရင်းကောက်ခံခြင်းနှင့် အချိန်တိုက်ဆိုင် နေခြင်း ကြောင့် ကျေးရွာလူဦးရေကောက်ခံရာတွင် အခက်အခဲများတွေ့ရပါသည်။

**မဘိန်းမြို့နယ်**

မဘိန်းမြို့နယ်တွင် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကျွမ်းကျင် လုပ်သားရှားပါးခြင်း။ စီမံကိန်းခန့်မှန်းတွက်ချက်ထားမှုများနှင့် ရာသီဥတု အခြေအနေကြောင့် ပစ္စည်းဈေးနှုန်းများနှင့် သယ်ယူ စရိတ် ပြောင်းလဲသွားခြင်း အခက်အခဲများ ကြုံတွေ့ရသည်။

**လှိုင်ကော်+ရှားတောမြို့နယ်**

Estimate များတွက်ချက်ရာတွင် ဒေသပေါက်စျေးနှုန်းမှာအတည်ပြုထားခြင်းအား စောင့်ဆိုင်းနေရပါသောကြောင့် ယခင်နှစ်စျေးနှုန်းဖြင့်သာတွက်ချက်ထားရပါသည်။

**ဖားဆောင်း+ဘောလခဲ+မယ်စဲ့မြို့နယ်**

ကျေးရွာလူထုဖြင့် လုပ်ဆောင်သောလုပ်ငန်းများထဲမှ အချို့သောလုပ်ငန်းများသည် အရည် အသွေး အလွန်အားနည်းခြင်းကြောင့် ကျွမ်းကျင်သောလုပ်သားကို ပြန်လည်ရှာဖွေပြီး လုပ်ဆောင်ဖြေရှင်းရပါသည်။ ဘောလခဲ၊ ဖားဆောင်းနှင့် မယ်စဲ့မြို့နယ်ရှိ နည်းပညာစည်းရုံးရေးမှူးများသည် အပြောင်းအလဲများခြင်းနှင့် လုပ်ငန်းအတွေ့အကြုံနည်းခြင်းကြောင့် လုပ်ငန်း အကောင်အထည် ဖော်သည့်အခါ အခက်အခဲများ ကြုံတွေ့ရပါသည်။ ဘောလခဲ၊ ဖားဆောင်းနှင့် မယ်စဲ့မြို့နယ်သည် ခရီးလမ်းပမ်းဆက်သွယ်ရေး ခက်ခဲခြင်း၊ နည်းပညာကျွမ်းကျင်သူများ အားနည်ခြင်းကြောင့် စီမံကိန်း လုပ်ငန်းခွဲ အကောင်အထည်ဖော်ရာတွင် နည်းပညာပိုင်းဆိုင်ရာ အခက်အခဲဖြစ်ပါက ကျွမ်းကျင်သော သူများရှာဖွေလုပ်ဆောင်ရန် အခက်အခဲ ကြုံတွေ့ခဲ့ရပါသည်။ စီမံကိန်းလုပ်ငန်းခွဲ အကောင်အထည် ဖော်သည့်အခါ ခက်ခဲသောလုပ်ငန်းများသည် ကျွမ်းကျင်လုပ်သားများကို အခြားသော မြို့နယ်များမှ ခေါ်ယူလုပ်ဆောင်ရပါသည်။ များသောအားဖြင့် လှိုင်ကော်၊ ဒီးမော့ဆိုမြို့နယ်ရှိ ကျွမ်းကျင်သူများကိုသာ ခေါ်ယူလုပ်ဆောင်ရပါသည်။

**ပုဏ္ဏားကျွန်း**

တစ်ချို့ကျေးရွာများတွင် အကာအကွယ်ပစ္စည်းအသုံးပြုမှု အားနည်းနေသေးသည်။ ကွန်ကရစ်လမ်းများ တည်ဆောက်ကြရာတွင်လည်း လမ်းပခုံးများလုပ်ဆောင်ရန်နှင့် ကျန်ရှိသော လုပ်ငန်းခွဲများအားလည်း ဆက်လုပ်ဆောင်ပေးရန်လိုအပ်နေသေးသည်။ ကွန်ကရစ် ရေပြွန် တစ်ချို့တွင် တောင်ပံနံရံများ ပြုလုပ်ထားရာတွင် ရေတိုက်စားမှုခံ နိုင်ရည်ရှိရေးအတွက် လုပ်ဆောင်ရာတွင် အားနည်းမှုအချို့ ရှိနေသေးသည်။ ကွန်ကရစ်နှင့်သက်ဆိုင်သော လုပ်ငန်းများ တစ်ချို့တွင် တုန်ခါစက်(Vibrator)သုံးစွဲမှု အားနည်းနေခြင်း၊ ငှားရမ်းရရှိမှု မလွယ်ကူခြင်း ရှိနေ သေးသည်။

**ဌမြို့နယ်**

ပထမနှစ် စက်ဝန်းဖြစ်သည့်အတွက် လက်ထောက်နည်းပညာမှူးများအနေဖြင့် လုပ်ငန်း အတွေ့အကြုံနည်းပါးခြင်း၊ ငယ်ရွယ်ခြင်းတို့ကြောင့် ကျေးရွာကော်မတီ/လူထု၏ ဖိအားပေးမှုများ ခံရပြီး နည်းပညာထောက်ပံ့ပေးနိုင်မှု နည်းပါးခဲ့ပါသည်။ ပြည်နယ် Infra သည် မြို့နယ်အတွက် အချိန်ပြည့် မရှိနေ နိုင်ပဲ အပြောင်းအလဲများ ဖြစ်ခဲ့သဖြင့် လက်ထောက်နည်းပညာမှူးများ ခန့်မှန်း ခြေကုန်ကျစရိတ် တွက်ချက်ရာတွင် အထောက်အကူမပြုနိုင်ခဲ့ပါ။

**ပလတ်ဝမြို့နယ်**

ကျွမ်းကျင်လုပ်သား ရှားပါးခြင်း၊ လုပ်သားရရှိမှုခက်ခဲခြင်း၊ လမ်းဖောက်လုပ်ရန် စက်ယန္တရား ရရှိမှုခက်ခဲခြင်း ရာသီဥတုအခြေအနေကြောင့် အထူးသဖြင့် မြေသားလုပ်ငန်းများ ဆောင်ရွက်နိုင်မှု မရှိခြင်း၊ တစ်ချို့လုပ်ငန်းများရပ်တန့်နေရခြင်း ဝန်ထမ်းများကွင်း ဆင်းကြီးကြပ်နိုင်မှု အားနည်း ခြင်းကြောင့် လုပ်ငန်းဆောင်ရွက်ခြင်း တိုးတက်မှုအား နည်းခဲ့ပါသည်။

**မတူပီမြို့နယ်**

ရေအားလျှပ်စစ်မီးလင်းရေး။ အသေးစားရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ဒီဇိုင်း၊ တွက်ချက်မှုများတွက်ချက်ရေးနှင့် လုပ်ငန်းကြီးကြပ်ရေး လုပ်ငန်းစဉ်အတွက် ကျွမ်းကျင်ဝန်ထမ်းများ မရှိသဖြင့် အခက်အခဲများ တွေ့ရသည်။

**တွန်းဇံမြို့နယ်**

လက်ထောက်နည်းပညာမှူးများမှာ ကျောင်းပြီးစအတွေ့အကြုံ နည်းပါးသေးသဖြင့် နည်းပညာထောက်ပံ့မှုသင်တန်းများ လိုအပ်ပါသည်။ (ဥပမာ – Auto card training, Water , Electricity, Structure training) တချို့ကျေးရွာများနှင့် တွန်းဇံမြို့နယ်အတွင်း ပန်းရံကျွမ်းကျင်၊ လက်သမားကျွမ်းကျင်ရှားပါးမှုများ ကြောင့် လုပ်ငန်းဆောင်ရွက်ရာတွင် နှောင့်နှေးမှုများရှိပါသည်။

တချို့သော စီမံကိန်းလုပ်ငန်းများဖြစ်သည့် (တံတား၊ စိမ့်စမ်းရေသွယ်ယူခြင်း) စသည့် လုပ်ငန်းများသည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းကြောင့် ပစ္စည်းများကျေးရွာသို့ အချိန်မီ မရောက်ရှိနိုင် ခြင်း၊ ဒီဇိုင်းပြောင်းလဲသည့် အတွက်လည်း လုပ်ငန်းများ နှောင့်နှေးရပါသည်။ ရေအရည်အသွေး စမ်းသပ်ရာတွင်လည်း အသုံးပြုရမည့်ဆေးများ ပြည့်စုံစွာ မရှိသည့် အတွက် စစ်ဆေးရမည့် အရေအတွက် မပြည့်စုံနိုင်ခြင်း။

**ရွှေကူမြို့နယ်**

ယခင်သုံးလပါတ်သည် ကျေးရွာပထမဒုတိယအကြိမ် အစည်းအဝေးများဆောင်ရွက်ရာတွင် ကောင်းမွန်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ စီမံကိန်းထောက်ပံ့ငွေအား (၂၆.၃.၂၀၁၉)တွင် စတင်တောင်းခံခဲ့ပါသော်လည်း ကျေးရွာအုပ်စုသုံးအုပ်စု အတွက်စီမံကိန်းထောက်ပံ့ငွေ (၂၀.၁၁.၂၀၁၉) တွင်ရရှိသဖြင့် များစွာနှောင့်နှေးကြန့်ကြာခဲ့ရပါသည်။ စီမံကိန်း လုပ်ငန်းခွဲဆောင်ရွက်မည့်အချိန်နောက်ကျခဲ့ရပါသည်။ ကျေးရွာလူထုပူးပေါင်းပါ ဝင်ဆောင်ရွက်နိုင်မှု အားနည်းကာ အခက်အခဲကြုံတွေ့ရပါသည်။

**(ခ) စီမံကိန်းမှ ထောက်ပံ့သောအသုံးအဆောင်ပစ္စည်းအခက်အခဲများ**
**ကြာအင်းဆိပ်ကြီးမြို့နယ်**

ပထမနှစ်၊ဒုတိယနှစ် Data များရှိသော Lap Top တစ်လုံးနှင့် TL(TTA)၏ Lap Top တစ်လုံးမှာ စက်ချို့ယွင်းမှုကြောင့် ဖွင့်မရသောကြောင့် နေပြည်တော်(DRD) သို့ တင်ပြထားပြီး ဖြစ်ပါသည်။ မိတ္တူကူးစက်(၁)လုံးကို DRD ရုံးချုပ်မှ ပေးပို့ထားသည့်အတွက် လုပ်ငန်းများအဆင်ပြေစွာ ဆောင်ရွက်နေပါကြောင်း တင်ပြအပ်ပါသည်။

**လှိုင်းဘွဲ့မြို့နယ်**

မြို့နယ် ကျေးလက် ဝယ်ယူရေးဌာနမှ ဆိုင်ကယ်ချိန်းပတ်ကြိုးများ မိုးတွင်းကာလ အချိန်မှီ ဝယ်ယူတပ်ဆင်ပေးနိုင်ခဲ့ခြင်းကြောင့် တောင်တက်လမ်းကျေးရွာများကို အချိန်မှီ လုပ်ငန်းပြီးစီးစေရန် သွားလာဆောင်ရွက်နိုင်ခဲ့သော်လည်း ဆိုင်ကယ်အပိုပစ္စည်းများ အလွယ်တကူဝယ်ယူရန် ခက်ခဲနေဆဲ ဖြစ်သည်။

**ကော့ကရိတ်မြို့နယ်**

မိတ္တူကူးစက်တစ်လုံးတည်းသာရှိသဖြင့် စာရွက်၊ စာတမ်းများ/ သင်တန်းလက်စွဲ စာအုပ်များ မိတ္တူကူးရန်အတွက် အခက်အခဲရှိပါသည်။

**ပျော်ဘွယ်မြို့နယ်**

Honda DT ဆိုင်ကယ်အတွက် အပိုပစ္စည်းဝယ်ရန် ခက်ခဲနေပါသည်။ (ချိန်းစပေါ့ကက်၊ ချိန်း၊ ကလပ်ကြိုး၊ တာယာ)

**ပေါင်မြို့နယ်**

Tablet များပျက်စီးမှုများပြား။ စီမံကိန်းမော်တော်ဆိုင်ကယ်များနှင့်မိတ္တူကူးစက်များ လဲလှယ်ရန်အတွက်ပစ္စည်း ရရှိရန် ခက်ခဲခြင်း။ Honda 125 မော်တော်ဆိုင်ကယ်များအတွက် ဆက်စပ်ပစ္စည်းဝယ်ရန်ခက်ခဲ။ Computer များ window Activate လုပ်ရန်လိုအပ်၊ Samsung မိတ္တူကူးစက် Cartidge Toner များဈေးနှုန်းကြီးမြင့်။ Tablet (၁၁)လုံး ပျက်စီးမှုရှိခြင်းကြောင့် M&E (MIS) Data များ update ရရှိရန်အတွက်နှောင့်နှေးမှု အခက်အခဲရှိခြင်း။

**တနင်္သာရီတိုင်းဒေသကြီး**

စီမံကိန်းလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ခွဲဝေချထားပေးသော Tabletတစ်လုံးနှင့် Handset တစ်လုံးပြုပြင်ရန်ပေးပို့ထားပြီး Handset မှာပြန်လည်ရရှိပြီး ဖြစ်သော်လည်း Tablet တစ်လုံးမှာ ယနေ့အချိန်ထိ မရရှိသေးခြင်း၊ မြို့နယ်များသို့ စီမံကိန်းလုပ်ငန်းများတွင် အသုံးပြုရန် ခွဲဝေချထား ပေးသော စီမံကိန်းပစ္စည်းများ၏ အခြေအနေများအား ကွင်းဆင်း၍ မျက်မြင် စစ်ဆေး ခဲ့ရာ တနင်္သာရီ မြို့နယ် စီမံကိန်းရုံးအတွက် ခွဲဝေချထားပေးသော ပစ္စည်းများအနက် စားပွဲများ၊ ကုလားထိုင်များမှာ တနင်္သာရီ မြစ်ရေကြီးချိန်တွင် ရွှေ့ပြောင်းရသည့်အတွက် ပြန်လည်အသုံးပြု၍ မရ နိုင်ပါ။ Tablet များသည်လည်း အားမခံတော့ခြင်း၊ ဖွင့်၍ မတက်ခြင်းများ ဖြစ်ပေါ်နေသည့် Tablet (၈)လုံးခန့်ရှိပါသည်။ ဆိုင်ကယ်များတွင် ပျက်စီးနေသောဆိုင်ကယ်(၁၁)စီးရှိပြီး ကျန်ဆိုင်ကယ်များ မှာ ပြန်လည်အသုံးပြု၍ ရနိုင်ပါသည်။

**တနင်္သာရီမြို့နယ်**

ဆိုင်ကယ်(၄၅)စီးမှာ အသုံးပြုနိုင်ပြီး (၁၁)စီးမှာ ပြန်လည်ပြင်ဆင်ရန် ကျန်ရှိနေပါသည်။ လူထုဗဟိုပြုစီမံကိန်းသုံး Tablet (၃၇)လုံးရှိသည့်အနက် အသုံးမပြုနိုင်သော Tablet (၁၀)လုံး ရှိပါသည်။ အဆိုပါ ပျက်စီးနေသည့် Tablet (၁၀)လုံးအနက် (၂)လုံးအား ရုံးချုပ်သို့ ပေးပို့ထားပါသည်။

တနင်္သာရီမြို့နယ် လူထုဗဟိုပြုစီမံကိန်းသုံး Laptop (၆) လုံးရှိသည့်အနက် (၁) လုံးအား ပြင်ဆင်ရန် ရုံးချုပ်သို့ပေးပို့ထားပြီး လက်ရှိ (၂)လုံးမှာ ပါဝါဖွင့်မရခြင်း၊ လိုင်စင်သက်တမ်း ကုန်ဆုံးခြင်းတို့ ဖြစ်ပေါ်နေသဖြင့် အသုံးပြုနေသော Laptop (၃) ရှိပါသည်။

**ပျဉ်းမနားမြို့နယ်**

နောက်ဆုံးနှစ်မြို့နယ်ဖြစ်သည့်အတွက် ဆိုင်ကယ်များမကြာခဏ ပျက်စီးမှုရှိပါသည်။ လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမရှိစေရန်အတွက် ပြင်ဆင်မှုများ အချိန်မှီခွင့်ပြုပေးရန် လိုအပ်ပါသည်။ မြို့နယ်တွင် ရွာဖိုင်များထားရှိရန် ဗီဒိုအခက်အခဲရှိပါသည်။

**ကော့မှူးမြို့နယ်**

ကော့မှူးမြို့နယ်အနေဖြင့် ကော့မှူးမြို့နယ်အနေဖြင့် စီမံကိန်းမှ ထောက်ပံ့ပေးသောအသုံး အဆောင် ပစ္စည်းများသုံးစွဲရာတွင် ယခုအခါစားပွဲအံဆွဲအချို့ အပိတ်အဖွင့်မရခြင်း၊ သော့များပျက်စီး နေခြင်း၊ ဆိုင်ကယ်အပိုပစ္စည်း များအလွယ်တကူမရရှိခြင်း၊ အရံဆိုင်ကယ်များ ပြင်ရန် ခက်ခဲမှုများ ရှိခြင်း၊ မိတ္တူကူး စက်များ ပြင်ဆင်ရန် service ခေါ်ရန် ခက်ခဲမှုများရှိခြင်း၊ တို့တွေ့ကြုံ နေရပါသည်။

**ကျောက်တန်းမြို့နယ်**

နေပြည်တော်သို့ ပေးပို့ထားသော Tablet ( ၂ )လုံးကို အမြန်ဆုံးပြင်ဆင်ပြီး ပြန်လည်ပေးပို့ စေချင်ပါသည်။

**ဆောမြို့နယ်**

Honda (125) မော်တော်ဆိုင်ကယ်အတွက် အပိုပစ္စည်းများ ရှားပါးပါကြောင်း၊ ပျက်လျှင် ဆောမြို့ နယ်၌ ပြင်ဆင်ရန်ခက်ခဲပါကြောင်း၊ Cannon (214) Printer အတွက် Catridge အပိုပစ္စည်း ဝယ်ယူ၍ ခက်ခဲ ပါကြောင်း တင်ပြအပ်ပါသည်။

**ဓနုဖြူမြို့နယ်**

ဓနုဖြူမြို့နယ်အနေဖြင့် Copier တစ်လုံးသာရှိသည့်အတွက် ပျက်သွားသည့်အခါ အပြင်မှာ ကူးလျှင် အခက်အခဲတွေ့ရခြင်း(ငွေကုန်ခြင်း)၊ ယခုအခါ VDP book များကူးရာတွင် စာရွက်ရေများ သဖြင့် အခက် အခဲရှိခြင်း၊ သင်တန်းပေးရသည့်ကာလတွင် စာရွက်ရေများများကူးရခြင်း၊ ( ၂ )လုံး ရှိလျှင် ပိုမို အဆင်ပြေ ချောမွေ့နိုင်ပါသည်။

**ဆီဆိုင်၊ မိုင်းခတ်၊ မြို့နယ်**

ဆီဆိုင်၊ မိုင်းခတ်၊ မြို့နယ်အပါအဝင်ရှမ်းပြည်နယ်တောင်ပိုင်း၊ အရှေ့ပိုင်း၊ မြောက်ပိုင်း မြို့နယ် များ၌စီမံကိန်းမှ ထောက်ပံ့ပေးသော ပစ္စည်းအမျိုးအစားများအတွက် အပိုပစ္စည်း ဝယ်ယူရန် ခက်ခဲခြင်း၊ Serviceပြုလုပ်ရန်အတွက် နည်းပညာရှင်ခေါ်ရန် အခက်အခဲရှိခြင်းများရှိပါကြောင်း တင်ပြအပ်ပါသည်။ (Samsung Copier Machine (Multi Xpress k3300NR) နှင့် Canon Printer Canon Printer (Image CLASS LPB 214dw)တို့ ဖြစ်ပါသည်။

**မဘိမ်းမြို့နယ်**

မဘိမ်းမြို့နယ်သည် လျှပ်စစ်မီးမရသော မြို့နယ်ဖြစ်သည်။ ရုံးသုံးမီးစက်ပြင်ဆင်ရန် ကျွမ်းကျင်သူ ရှားပါးသည်။

**မောက်မယ်မြို့နယ်**

မောက်မယ်မြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံးအနေဖြင့် ကျေးရွာများတွင်ဖြန့်ဝေရန် အတွက် စီမံကိန်း လက်ကမ်းစာစောင်များ/ Vinyl များ လိုအပ်လျှက်ရှိပါသည်။ ရာသီဥတု လေပြင်းတိုက်မှုကြောင့် ဗီနိုင်း များပျက်စီးမှု ရှိပါသည်။

**လွိုင်ကော်+ရှားတောမြို့နယ်**

ရှားတောမြို့နယ်တွင် သစ်များရှားပါးခြင်း၊ သဲ၊ ကျောက်များရှားပါးခြင်း၊ ဘိလပ်မြေများနှင့် အခြား ပစ္စည်းများ သယ်ယူစရိတ်မြင့်တက်မှုများ ကြုံတွေ့ရပါသည်။

**ဖားဆောင်း+ဘောလခဲ+မယ်စဲ့မြို့နယ်**

ဘောလခဲ၊ ဖားဆောင်းနှင့် မယ်စဲ့မြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံးခွဲအတွက်DT ဆိုင်ကယ် (၁၀)စီး လက်ခံရရှိခဲ့ပါသည်။ သို့သော်လက်ရှိအချိန်တွင် ၎င်းဆိုင်ကယ် အကြီး(၂)စီးသည် ပျက်စီးပြီး ပြန်လည် ပြင်ဆင်ရန် ကြိုးစားသော်လည်း အပိုပစ္စည်းများ မရှိခြင်းကြောင့် အခက်အခဲ ကြုံတွေ့ရပါ သည်။ TVS ဆိုင် ကယ်များသည် အင်ဂျင်ပါဝါ ၁၁၀သာရှိသောကြောင့် ဖားဆောင်း မြို့နယ်၊ မော်ချီး ဒေသသို့ ကွင်းဆင်း သွားသည့်အခါ တောင်မတက်နိုင်ခြင်းများနှင့် ကြုံတွေ့နေရပါသည်။

TVS ဆိုင်ကယ်များပြင်ဆင်ရာတွင် ဖားဆောင်း၊ ဘောလခဲ၊ မယ်စဲ့မြို့နယ်များတွင် အပိုပစ္စည်း မရှိ ခြင်း၊ လွိုင်ကော်မြို့သို့သာသွားရောက်ပြင်ဆင်ရခြင်း။ စီမံကိန်းမှ ပံ့ပိုးပေးသော ပစ္စည်းများသည် လုပ်ငန်း များအကောင်အထည်ဖော်ရန်အတွက် လုံလောက်မှုရှိပါသည်။

**ပုဏ္ဏားကျွန်းမြို့နယ်**

ကျောက်ချောလမ်းများ ဖောက်လုပ်ရာတွင် လမ်းကြိတ်စက် ရရှိနိုင်မှု ခက်ခဲသည်။ ကွန်က ရစ်ဖျော် စက်ငှားရမ်းမှု ခက်ခဲခြင်း၊ ငှားရမ်းခဈေးနှုန်း ကြီးမားနေသည်။ ဒေသလုံခြုံရေး အခြေ အနေများကြောင့် လုပ်ငန်းခွဲများအကောင် အထည်ဖော်ရန် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများ ဖြစ်သော သဲ၊ ကျောက်၊ ဘိလပ်မြေ စသော ပစ္စည်းများ အချိန်မီ ဝယ်ယူရရှိနိုင် ရန်ခက်ခဲသည်။

**ဝမြို့နယ်**

စီမံကိန်းလုပ်ငန်းခွဲများ တပြိုင်နက် စတင်ခဲ့သောကြောင့် လုပ်ငန်းသုံးပစ္စည်းများ ဈေးတက်ခြင်း၊ လိုအပ်သော လုပ်ငန်းအထောက်အကူပြု စက်ကရိယာ ရှားပါးခြင်းများ ကြုံတွေ့ခဲ့ရပြီး တရွာပြီးမှ တရွာ အလုပ်လုပ်ရသဖြင့် စီမံကိန်းလုပ်ငန်းခွဲများ သတ်မှတ်ချိန်တွင် မပြီးစီးနိုင်ခဲ့ပါ။

**ပလက်ဝမြို့နယ်**

မိုးရာသီကာလများ ဖြစ်သောကြောင့် မြစ်ရေကြီးမှုများဖြစ်ပွားကာ စီမံကိန်းလုပ်ငန်းဖော်ဆောင်စဉ် ပစ္စည်းများသယ်ယူပို့ဆောင်ရာတွင် စရိတ်ကြီးမားခြင်း၊ သယ်ယူရာတွင် ခက်ခဲခြင်း။

**မတူပီမြို့နယ်**

ကျေးရွာစီမံ ကိန်းလုပ်ငန်းခွဲများ ကျေးရွာလုပ်ငန်းခွဲများအတွက်ဒေသတွင် မရရှိနိုင်သည့် ပစ္စည်းများ သယ်ယူစရိတ်ကြီးမြင့်ခြင်းနှင့် ခက်ခဲခြင်းတို့ကြောင့်လုပ်ငန်း ၏ရလဒ်များ ထိုက်သင့်သလို ကောင်းမွန် လှပမှု မရှိခဲ့ပါ။ လုပ်ငန်းသုံးယာဉ်၊ စက်များ အပိုပစ္စည်းများ လိုသလို အချိန်မီမရရှိနိုင်ခြင်း၊ ကျွမ်းကျင်စက်ပြင်များ မရှိခြင်းကြောင့် လုပ်ငန်းသုံးယာဉ်၊ စက်ပစ္စည်းများပျက်စီးမှုကို အချိန်မီ ပြုပြင်နိုင်ခြင်းမရှိသဖြင့် အချို့ လုပ်ငန်းစဉ်များ နောက်ကျရခြင်းများ ရှိပါသည်။

**တွန်းဇံမြို့နယ်**

Honda 125 (DT) ဆိုင်ကယ်များ၏ အရံပစ္စည်းများဝယ်ယူရန် အခက်အခဲရှိပါသည်။ Tablet Huawei များသည် Power supply ပိတ်သွားသဖြင့် ပြန်ဖွင့်၍ မရသည့် အခက်အခဲ ရှိပါသည်။ နေပြည်တော် Procurement Team သို့ Tablet Huawei (၃)လုံး ပေးပို့ထားပါသည်။ နေပြည်တော် ရုံးချုပ်မှ တွန်းဇံ မြို့နယ် အတွက် မြန်မာဘာသာဖြင့် ဗွီနိုင်း(၃၅)စုံသာ လက်ခံရရှိပြီးမြို့နယ်အတွင်း ကျေးရွာ (၉၃)ရွာရှိသည့် အတွက် ဗွီနိုင်းအရေအတွက် လုံလောက်မှု မရှိခြင်း၊ ကျေးရွာတိုင်းတွင် ထားရှိသည့် ဗွီနိုင်းများ လေတိုက် သည့်အတွက် ပျတ်စီးမှုများ ရှိပါသည်။

**ပူတာအိုမြို့နယ်**

Photo Copier မှာ စာရွက်မကြာခဏ ညပ်ခြင်းကြောင့် အလုပ်မတွင်ခြင်း ကြုံတွေ့ရသည်။ ဆိုင်ကယ် အပိုပစ္စည်းများအချိန်မီမရရှိခြင်းကြောင့် ကွင်းဆင်းရာတွင် အခက်အခဲကြုံ တွေ့ရသည်။ First Aid Kit များမရှိခြင်းကြောင့် ကွင်းဆင်းချိန် ဖြုတ်ကိုက်၊ ချတွယ်ခြင်း၊ မတော်တဆထိခိုက်ဒဏ်ရာများအတွက် ဆေးဝါးအခက်အခဲကြုံတွေ့ရသည်။

**ရွှေကူမြို့နယ်**

Color Printer မကောင်းတော့ပါသဖြင့် Campign အတွက်လိုအပ်သော ဓါတ်ပုံထုတ်ရာတွင် အခက်အခဲ ဖြစ်ရပါသည်။

**မိုးကောင်းမြို့နယ်**

CDD မိတ္တူကူးစက် (Samsung Copier) မှာပျက်နေသဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် အခက် အခဲရှိပါသည်။ အပြင်ဆိုင်တွင်ဈေးကြီးပေးပြီးမိတ္တူကူးရပါသည်။ Samsung Printer စက်လည်း Print Out ပြုလုပ်၍မရရှိနိုင်ပါကြောင်းတင်ပြအပ်ပါသည်။

(ဂ) ဝန်ထမ်းဆိုင်ရာအခက်အခဲ

**လှိုင်းဘွဲ့မြို့နယ်**

အလုပ်ထွက်သော ဝန်ထမ်းမှာ ပုံမှန်ကဲ့သို့ လစဉ်တည်ရှိနေဆဲ ဖြစ်သည်။ ထိုကိစ္စသည် ကျေးရွာများ၏ အချိန်ပေးပူးပေါင်းပါဝင်မှုအားနည်းခြင်း၊ စီမံကိန်းသဘောတရားများနှင့် လုပ်ငန်းစဉ် အဆင့်များပြားခြင်း၊ အထူးသဖြင့် လက်ထောက်နည်းပညာမှူးများအနေဖြင့် လုပ်ငန်း အတွေ့ကြုံ အားနည်းခြင်းကြောင့် ဆောက်လုပ်ရေးအပိုင်းလုပ်ငန်းစီမံခန့်ခွဲမှုများ အားနည်းခြင်း၊ ထိုကဲ့သို့သော ကိစ္စများကြား ဝန်ထမ်းသစ်များ အနေဖြင့်လုပ်ငန်း အရည်အသွေး ကောင်းမွန်အောင် ဆောင်ရွက်နေရသည်မှာ စိန်ခေါ် မှုတရပ်အနေဖြင့် ရင်ဆိုင်နေရဆဲဖြစ်ပါသည်။

**ကော့ကရိတ်မြို့နယ်**

စည်းရုံးရေးမှူးများ၏ စွမ်းရည်ပိုမိုတိုးတက်လာစေရန်အတွက် လေ့လာရေးခရီးများ စီစဉ်ပေး ရန်လိုအပ်ပါသည်။

**ရမည်းသင်းမြို့နယ်**

လူထုစည်းရုံးရေးမှူး ဒေါ်အိဖြူကို (၃၁.၁၂.၂၀၁၉)တွင် အလုပ်မှ နှုတ်ထွက်ပြီး လူထုစည်းရုံး ရေးမှူးဒေါ်တင်မာလွင်မီးဖွားခွင့်ယူထားပြီး CF (၂) ဦး လစ်လပ်နေပါသည်။

**ပျော်ဘွယ်မြို့နယ်**

ပျော်ဘွယ်မြို့နယ်အနေဖြင့် ပြီးခဲ့သည့် သုံးလပတ်ကာလအတွင်း ဝန်ထမ်းများ မကြာခဏ ထွက်ရှိမှုကြောင့် လုပ်ငန်းများ ဆောင်ရွက်မှု နှောင့်နှေးခဲ့ရသည့် အခက်အခဲများကြုံခဲ့ရပါသည်။ ( ၃၁-၇-၂၀၁၉ ) ရက်နေ့တွင် စည်းရုံးရေးမှူးအမျိုးသမီး မလှဲ့လှဲ့ဇော် နှင့် မမေဇင်သူတို့သည် ပျော်ဘွယ် မြို့နယ်တွင် ဆောင်ရွက်နေသည့် ကိုးရီးယား ချေးငွေအဖွဲ့သို့ ပြောင်းသွားပါသဖြင့် လစ်လပ်ပါသည်။ ( ၃၁-၈-၂၀၁၉ )ရက်နေ့တွင် စည်းရုံးရေးမှူးအမျိုးသမီး ဒေါ်အိအိငြိမ်းသည် ဂျပန်နိုင်ငံသို့ အလုပ်လုပ်ရန် ထွက်ရှိသွားပါသည်။ TTA အဖွဲ့မှ Finance Officer ဒေါ်ယေးယေးစစ်အောင်သည် ပင်ကိုယ် ကျန်းမာရေး မကောင်းပါသဖြင့် အလုပ်မှ ရပ်နားခွင့်ပြုရန် ထွက်စာတင်ထားပါသည်။

**ကော့မှူးမြို့နယ်**

Infrastructure Counterpart မရှိ၍ တိုင်း Regional Infra မှ လာရောက် ကြီးကြပ်ပေးရခြင်း။ ဒုတိယနှစ်စက်ဝန်းမှစ၍ Procurement Counterpart and Procurement Officer လစ်လပ်သွား ပါသဖြင့် ဝယ်ယူရေးလုပ်ငန်းများစစ်ဆေးရာတွင် အခက်အခဲရှိခြင်း။

**ပေါက်မြို့နယ်**

Township Infra Officer သည် CDD လုပ်ငန်းများအပြင် ပင်မ DRDလုပ်ငန်းများ၊ WSAP လုပ်ငန်းများပါပူးတွဲဆောင်ရွက်နေရသည့်အတွက် Estimate များ စစ်ဆေးခြင်း၊ အကောင် အထည်ဖော် နေသည့် စီမံကိန်းလုပ်ငန်းခွဲများ ကွင်းဆင်းစစ်ဆေးခြင်းများ အချိန်မှီ ပြီးစီးရန် ခက်ခဲနေပါသည်။ သို့ဖြစ် ပါသောကြောင့် နောက်ထပ် Civil အင်ဂျင်နီယာ တစ်ဦး ထပ်မံခန့်ထားပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**ထီးလင်းမြို့နယ်**

**Finance Officer (TTA)** သည် အောက်တိုဘာ ၃၁ ရက်နေ့ထိ နောက်ဆုံး တာဝန်ထမ်းဆောင်ခဲ့ပြီး ၎င်း၏ နေရာတွင် ပြန်လည်အစားထိုးနိုင်ခဲ့ခြင်း မရှိသေးပါ။

**အင်ပူမြို့နယ်**

အင်ပူမြို့နယ်အနေဖြင့် Infra တာဝန်ခံဝန်ထမ်းသည် Gender & Training ဝန်ထမ်းနှင့်တွဲ၍ Cluster Management တာဝန်များဆောင်ရွက်ခဲ့ရာတွင် ယခုအခါ စာချုပ်သက်တမ်းပြည့်၍ စီမံကိန်းမှ ထွက်သွားသည့် အတွက် Infra တာဝန်ခံဝန်ထမ်းမှ Cluster Management ပါ တာဝန်ယူ ဆောင်ရွက် နေရခြင်းနှင့် မြို့နယ်တွင် ကျေးရွာများပြားသည့်အတွက် စီမံကိန်း လုပ်ငန်းခွဲများပြားခြင်းကြောင့် တွဲဘက်တာဝန် ထမ်းဆောင်ရန် အင်ဂျင်နီယာဝန်ထမ်းတစ်ဦး ထပ်မံချထားပေးပါက ပိုမိုအဆင်ပြေမည် ဖြစ်ပါသည်။

**ဆီဆိုင်မြို့နယ်**

ဆီဆိုင်မြို့နယ်တွင် ဘဏ္ဍာရေး (DRD counterpart) တာဝန်ခံ တစ်ဦး အလုပ်ထွက်သွား သဖြင့် ၎င်း၏ ဘဏ္ဍာရေးကိစ္စများကို CSAG counterpart မှ တွဲဖက်တာဝန်ယူထား ရပါသည်။ ထိုအပြင် တာဝန်ခံအင်ဂျင်နီယာ (infra counterpart)သည်လည်း ဒီဇင်ဘာလက အလုပ်နှုတ်ထွက် သွားသဖြင့် လူထုဗဟိုပြုစီမံကိန်းအတွက် တာဝန်ခံ အင်ဂျင်နီယာလစ်လပ်မှုအား ပြည်နယ်သို့ အဆင့်ဆင့် တင်ပြထားပြီး ဖြစ်ပါသည်။

**မိုင်းခတ်မြို့နယ်**

မိုင်းခတ်မြို့နယ်တွင် CFs ၊ TF ရာထူးများ လစ်လပ်ပါက အစားထိုးခန့်အပ်နိုင်ရန် မြို့နယ် အတွင်း သတ်မှတ်အရည်အချင်း နှင့် ကိုက်ညီသော လူအရင်းအမြစ်များ နည်းပါးပါကြောင်း တင်ပြ အပ်ပါသည်။

**မဘိမ်းမြို့နယ်**

မဘိမ်းမြို့နယ်၌ CFs ၊ TF များကို သက်မှတ်ချပေးရာတွင် ပြည်ထဲရေး အမည်ပေါက် ကျေးရွာ (၄၈) ရွာအတွက်သာ တွက်ချက် ချမှတ်ပေးခဲ့ပါသည်။ သို့သော် မြို့နယ်စီမံကိန်း စတင်အကောင် အထည်ဖော်ရာတွင် အမည်မပေါက်ကျေးရွာ (၉) ရွာ ထက်မံတိုးလာသည့်အပေါ် CFs ၊ TF (၂) ဦးလိုအပ် လျက်ရှိပါသည်။

**ဖားဆောင်း+ဘောလခဲ+မယ်စဲ့မြို့နယ်**

လူထုစည်းရုံးရေးမှူးများ၊ နည်းပညာစည်းရုံးရေးမှူးများနှင့် ကျေးလက်ဝန်ထမ်း Counterpart များသည် အပြောင်းအလဲများခြင်းကြောင့် စီမံကိန်းအကောင် အထည်ဖော်မှုတွင် အနည်းငယ်အား နည်းစေပါသည်။ အကြောင်းမှာ အထူးသဖြင့် နည်းပညာစည်းရုံးရေးမှူးများသည် အတွေ့အကြုံရပြီး စီမံကိန်း လုပ်ငန်းခွဲများကို ကောင်းစွာဦးဆောင် အကောင်အထည်ဖော်နိုင် သည့်အချိန်တွင် အလုပ်မှ ရပ်နားပြီး အသစ်ထပ်မံခေါ်ယူသောဝန်ထမ်းသည် အတွေ့အကြုံ မရှိခြင်းကြောင်း စီမံကိန်း အကြောင်းကို အသစ်မှတဆင့် ပြန်စရသောကြောင့် လုပ်ငန်းကို အခက် အခဲဖြစ်စေပါသည်။

ဘောလခဲ၊ ဖားဆောင်းနှင့် မယ်စဲ့မြို့နယ်သည် ခရီးအလွန်ဝေးကွာပြီး ရာသီဥတု ပူပြင်းပြီးဒေသ အခြေအနေခက်ခဲသောကြောင့် အတွေ့အကြုံရှိသောဝန်ထမ်းများသည်လည်း မိမိတို့ မြို့နယ်သို့ အလုပ်များ လာရောက်လုပ်ကိုင်လိုစိတ် မရှိသည်ကိုတွေ့ရှိရပါသည်။ လက်ရှိတွင်လည်း လူထုစည်းရုံး ရေးမှူး(၂)ဦးနှင့် နည်းပညာစည်းရုံးရေးမှူး(၂)ဦး အလုပ်မှ ထပ်မံထွက်ခဲ့ရပြီး ၎င်းတို့ အစားပြန်လည် ခေါ်ယူသည့် လုပ်ငန်း စဉ်များ လုပ်ဆောင်ပြီးဖြစ်ပါသည်။ လာမည့်အောက်တို ဘာလ၊ ပထမအပတ် အတွင်း ဝန်ထမ်း များအားလုံး ရရှိမည်ကိုလည်း မျှော်မှန်းထားပါသည်။

## ပုဏ္ဏားကျွန်းမြို့နယ်

စစ်ပွဲကြောင့် ဒေသတည်ငြိမ်မှု နည်းပါးနေသောကြောင့် ဝန်ထမ်းများလုပ်ငန်းခွင်များသို့ အချိန်မီ ကွင်းဆင်းစစ်ဆေးကြီးကြပ်နိုင်ခြင်း အကြိမ်ရေ နည်းပါးနေသေးသည်။

## ပလတ်ဝမြို့နယ်

စစ်ပွဲကြောင့် ဒေသတည်ငြိမ်မှုနည်းပါးလာကာ ဝန်ထမ်းတည်ငြိမ်မှု နည်းပါး နေပါသည်။ အထူးသဖြင့် ပြည်မဘက်မှ လာရောက်တာဝန်ထမ်းဆောင်နေကြသော လက်ထောက်နည်းပညာမှူး များမှာ အလုပ်မှ နှုတ်ထွက်မှုပိုများလာနေပါသည်။ ဒေသခံလူထုစည်းရုံးရေးမှူးများမှာလည်း တစ်ခြား စီမံကိန်းများတွင် ဝင်ရောက် လုပ်ကိုင်ခြင်းကြောင့် လူထုစည်းရုံးရေးမှူးများလည်း အလုပ်မှတွက်နှုန်း များပြားလာနေပါသည်။

အစီရင်ခံစဉ်ကာလအတွင်း လက်ထောက်နည်းပညာမှူး(၉)ဦးနှင့် လူထုစည်း ရုံးရေးမှူး(၃၀)ဦး တို့ဖြင့် စီမံကိန်းလုပ်ငန်းခွဲပေါင်း(၁၆၁) ခုကို အကောင်အထည်ဖော် ဆောင်ရွက်နေပါသည်။ အောက်တို ဘာလမှ ဒီဇင်ဘာလအတွင်း လူထုစည်းရုံးရေးမှူး (၂) ဦးနှင့် လက်ထောက်နည်းပညာမှူး (၅)ဦး စုစုပေါင်း (၇)ဦးနှုတ်ထွက်ခဲ့ပါသည်။ စီမံကိန်းပိတ်သိမ်းမည့်နှစ်ဖြစ်သောကြောင့် သက်ဆိုင်ရာ TF, CF ဝန်ထမ်းများနှင့် သက်ဆိုင်သော လုပ်ငန်းရွက်မှု ဆိုင်ရာစာရွက်စာတမ်းများ ပြည့်စုံမှုရှိမရှိ စိစစ်မှု လုပ်ဆောင်လျက်ရှိပါသည်။

## ကျောက်ကြီးမြို့နယ်

ကျောက်ကြီးမြို့နယ်တွင် မြို့နယ် Infra တာဝန်ခံမရှိသည့်အတွက် အချို့သော လုပ်ငန်းမှာ အချိန်မှီ ပြီးစီးရန် နှောင့်နှေးကြန့်ကြာမှုများ ရှိနေပါသည်။

## မတူပီမြို့နယ်

အစီရင်ကာလ(ယခုသုံးလပတ်)အတွင်း ဝန်ထမ်းများနှုတ်ထွက်/ ခန့်ထားခြင်းနှင့် ပတ်သတ်၍ လက်ထောက်နည်းပညာမှူး(၃) ဦး (ကျား-၁၊ မ-၂) အား အစားထိုး ခန့်ထားနိုင်ခဲ့ပါသည်။ ဝန်ထမ်း ရေးရာနှင့်ပတ်သက်၍ သုံးသပ်တင်ပြချက်။ လူထုစည်းရုံးရေးမှူး အများစုမှာ ဒေသခံများ ဖြစ်သဖြင့် ပညာရေး၊ အခြားလူမှုရေးကိစ္စရပ်များမှလွဲ၍ နှုတ် ထွက်ခြင်းများ သိပ်မရှိပါ။ လစ်လပ်နေရာ အစားထိုး ခန့်ထားရေးအတွက်လည်း ခက်ခဲမှုမရှိပါ။ လက်ထောက်နည်းပညာမှူးအများစု(အားလုံးနီးပါး)မှာ ပြည်မ မှ လာရောက် တာဝန် ထမ်းဆောင်သူများဖြစ်ပြီး ၎င်းတို့နှုတ်ထွက်သည့်အတွက် အစားထိုး ခန့်ထားရေး အတွက် ဒေသခံ နည်းပညာကျောင်းဆင်းနည်းပါးမှုကြောင့် အခက်အခဲအနည်းငယ်ရှိပါသည်။ ပြည်မမှ လာရောက်တာဝန်ထမ်းဆောင်သူများ အနေဖြင့် ဒေသခက်ခဲမှုကြောင့်သော် လည်းကောင်း၊ အခြား လမ်းပန်း

ဆက် သွယ်ရေးပိုမိုလွယ်ကူ အဆင်ပြေသော လူထုဗဟိုပြု စီမံကိန်းမြို့နယ်များနှင့် ရရှိသည့် လစာများ တူညီနေမှုကြောင့် စိတ်ဝင်စားမှုလျော့ခြင်း ဖြစ်နိုင်ကြောင်း သုံးသပ်ရပါသည်။

**တွန်းဇံမြို့နယ်**

TDRD (Counterpart) ဝန်ထမ်းများဖြစ်သည့် **(Infra, M&E, Finance)** တို့သည် တွန်းဇံမြို့ပေါ်တွင် အိမ်ငှားနေရသည့်အတွက် ငွေကြေးကုန်ကျမှု များခြင်းကြောင့် စားဝတ်နေရေး အဆင်မပြေမှုများ ရှိပါသည်။

**ပူတာအိုမြို့နယ်**

လူထုဗဟိုပြုစီမံကိန်းတွင် တာဝန်ပေးထားသော ကျေးလက်ဦးစီးမှ ဝန်ထမ်းများ မိခင်ဌာန လုပ်ငန်းများ ရှိနေခြင်းကြောင့် စီမံကိန်းတွင် အချိန်ပေးနိုင်မှု နည်းပါး လျက်ရှိပါသည်။

**ရွှေကူမြို့နယ်**

လက်ထောက်နည်းပညာမှူးတစ်ဦးလျင် စီမံကိန်းလုပ်ငန်းခွဲ(၂၀)ကျော်ဆောင်ရွက်နေရခြင်းကြောင့် Estimate တွက်ခြင်း၊ Infra file ပြုလုပ်ခြင်း၊ RE ပြန်လည်တွက်ချက်ခြင်းလုပ်ငန်းများတွင် နှောင့်နှေးကြန့်ကြာခဲ့ရပါသည်။ သို့ဖြစ်ပါ၍ လက်ထောက် နည်းပညာမှူး(တစ်) ထပ်မံခန့်ထားပေးနိုင်ပါက လုပ်ငန်းများ အချိန်မှီပြီးစီးနိုင်မည်ဖြစ်ပါသည်။

**(ဃ) နယ်မြေ/လုံခြုံမှုဆိုင်ရာအခက်အခဲ**

**ကြာအင်းဆိပ်ကြီးမြို့နယ်**

KNU အုပ်ချုပ်မှုလက်အောက်ရှိ ခွာဟေးအုပ်စု (၁)အုပ်စုရှိ ကျေးရွာ(၁၀)ရွာနှင့် NMSP အုပ်ချုပ်မှုအောက်ရှိ ပြောင်မထိန်အုပ်စု (၁)အုပ်စုရှိ (၁၁)ရွာမှာ လက်ရှိတွင် ခွင့်ပြုချက်မရရှိ၍ စီမံကိန်းလုပ်ငန်း များ အကောင်အထည်ဖေါ်ဆောင်ရွက်နိုင်မှု မရှိသေးပါ။

**လှိုင်းဘွဲ့မြို့နယ်**

ဒုတိယနှစ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ခွင့်ပြုခဲ့သော ရေတံခွန်အုပ်စုကို KNU အဖွဲ့မှ CDD project ကိုဝင်ခွင့်မပေးနိုင်ကြောင်း ကျေးရွာအုပ်စုစာရေးမှတဆင့် တားစီးခြင်း ကြုံခဲ့ ရပါသည်။ ထိုကျေးရွာအုပ်စုတွင် ပထမ၊ ဒုတိယ၊ အုပ်စုအစည်းအဝေးများ များဆောင်ရွက်ခြင်း၊ အုပ်စု ဘဏ်စာရင်းများ ဖွင့်လှစ်ခြင်းများ ဆောင်ရွက်ပြီးဖြစ်သည်။ KNU ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေး မှုအား မြို့နယ်ဦးစီးမှ ဦးဆောင်ဦးရွက်ပြုကာ ဆောင်ရွက်ခဲ့ပါသည်။ သို့သော် ရေတံခွန်အုပ်စု တွင်း KNU ၏ project များဆောင်ရွက်ရန် အစီအစဉ်ရှိသောကြောင့် ယခုနှစ် ခွင့်ပြုချက်အား ပြန်လည်ရုပ်သိမ်း သွားခြင်း ဖြစ်ပါသည်။

**ပျော်ဘွယ်မြို့နယ်**

ဝန်ထမ်းများ လုယက်မှုမဖြစ်စေရေးအတွက် အလှမ်းဝေးသော ကျေးရွာများသို့ သွားလာ ရာတွင် တစ်ဦးတစ်ယောက်တည်းမသွားရန်နှင့် တာဝန်ကျ ဝန်ထမ်း(၂)ဦးအတူ သွားလာလုပ်ကိုင် ကြရန် အစည်းအဝေးများတွင် အသိပေး ဆောင်ရွက်ထားပါသည်။

**ရွှေကျင်မြို့နယ်**

ရွှေကျင်မြို့နယ်တွင် လက်ရှိဆောင်ရွက်နေသော ကျေးရွာများတွင် အခက်အခဲမရှိပါ။ ရဲသောင် ကျေးရွာအုပ်စုတွင် စီမံကိန်းလုပ်ငန်းများအား ခေတ္တရပ်ဆိုင်းထားပြီးဆောင်ရွက်ခွင့် ရရှိနိုင်ရေးအတွက် ဆက်လက်ညှိနှိုင်းလျက် ရှိပါသည်။

**ပေါက်မြို့နယ်**

ရေနံလက်ယက်တွင်းတူးဖော်နေသည့်နယ်မြေများသို့ သွားရောက်ရာတွင် လုံခြုံမှု အားနည်းခြင်း၊ ကျေးရွာများတွင် အစည်းအဝေး များပြုလုပ်ရာတွင်လူစုရခက်ခဲခြင်းများ ကြုံတွေ့ရပါသည်။ ကာကွယ်ရေး ပစ္စည်းစက်ရုံ(ကမစ ၂၄) နယ်မြေအတွင်းရှိ ကျေးရွာများ စီမံကိန်းလုပ်ငန်းခွဲများ ဆောင်ရွက်နိုင် ရန်အတွက် စက်ရုံမှူးနှင့် ညှိနှိုင်းနေဆဲဖြစ်သဖြင့် ၎င်းကျေးရွာများတွင် လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်မှု နှောင့်နှေးနိုင်ပါကြောင်း တင်ပြအပ်ပါသည်။

**မိုင်းခတ်မြို့နယ်**

မိုင်းခတ်မြို့နယ် ဝန်ထမ်းများကွင်းဆင်းဆောင်ရွက်ရန် ဝန်ထမ်းကဒ်များ လိုအပ်ပါသည်။ ပြည်ထောင်အဆင့်သို့ တင်ပြထားပြီး ဖြစ်သည်။

**မဘိမ်းမြို့နယ်**

မဘိမ်းမြို့နယ်တွင် အချို့ဒေသ၌ လုယက်မှုများရှိကြောင်းသိရှိရသည်။ ဝန်ထမ်း လုံခြုံရေး အတွက် မြို့နယ်စီမံကိန်းတာဝန်ရှိသူများမှ စီမံဆောင်ရွက်ထားသည်။

**လွိုင်ကော်+ရှားတောမြို့နယ်**

စီမံကိန်းလုပ်ငန်းခွဲဆောင်ရွက်နေစဉ်အတွင်း လစဉ်ကရင်နီတိုးတက်ရေးအဖွဲ့ (KNPP)သို့ မိမိ ဆောင်ရွက်မည့်လုပ်ငန်း၊ ကျေးရွာများ၏ စာရင်းအား အစီအစဉ် ရေးဆွဲတင်ပြရပါသည်။

**ဖားဆောင်း+ဘောလခဲ+မယ်စဲ့မြို့နယ်**

ဘောလခဲ၊ ဖားဆောင်းနှင့် မယ်စဲ့မြို့နယ်သည် ခက်ခဲသောဒေသဖြစ်ပြီး တိုင်းရင်းသား လက်နက် ကိုင်အဖွဲ့အစည်းများလည်း ပေါင်းစုံရှိပါသည်။ ထိုနည်းတူ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ ထိန်းချုပ်ထားသည့်ဒေသများရှိပါသည်။ ထို့ကြောင့် စီမံကိန်းဝန်ထမ်းများသည် လက်နက် ကိုင်အဖွဲ့များ ထိန်းချုပ်ထားသည့် ကျေးရွာများသို့ကွင်းဆင်းလိုလျှင် သက်ဆိုင်ရာ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ ထံသို့ ခွင့်ပြုစာတောင်းပြီး ခွင့်ပြုမှသာ သွားရောက်ဆောင်ရွက်ရ ပါသည်။

ကယားပြည်နယ်၏လက်ရှိဒေသငြိမ်းချမ်းရေးဖြစ်စဉ်တွင်ပါဝင်သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ဖြစ်သည့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP)နှင့် မြန်မာနိုင်ငံအစိုးရတို့သည် ငြိမ်းချမ်းရေးဆွေးနွေးပွဲအဆင့်တွင်သာ ရှိနေသေးသောကြောင့် ဝန်ထမ်းများ ကွင်းဆင်းရာတွင် လုံခြုံရေးအတွက် အာမခံချက်မရှိပါ။ တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူ စာချုပ်ကိုလည်း လက်မှတ်မထိုးသေးသောကြောင့် ဝန်ထမ်းများသည် ကွင်းဆင်းလိုသည့် အချိန်တိုင်း ကွင်းဆင်း၍ မရနိုင်ပါ။

**ပုဏ္ဏားကျွန်းမြို့နယ်**

ပုဏ္ဏားကျွန်းမြို့နယ်အတွင်း တစ်ချို့ကျေးရွာများအုပ်စုများ အထူးသဖြင့် မြောက်ဖက်ပိုင်းတောင်တန်းဒေသများအတွင် တစ်ခါတရံတိုက်ပွဲဖြစ်ပွားမှု ဆက်လက် ရှိနေသေးသည်။ တိုက်ပွဲ ဖြစ်ပွားမှုမရှိသော်လည်းတစ်ချို့ကျေးရွာများမှာ လုံခြုံရေးအရ သွားလာရ ခက်ခဲနေသေးခြင်းကြောင့် စီမံကိန်းလုပ်ငန်းများ စတင်လုပ်ဆောင်ရန် ခက်ခဲနေပါသည်။

**ပလက်ဝမြို့နယ်**

အောက်ကုလားတန် ဒေသများတွင် စစ်ပွဲများ မကြာခဏဖြစ် ပွားလျှက်ရှိ နေဆဲဖြစ်သည်။ ကုလားတန်မြစ် အထက်ပိုင်းဒေသနှင့် သံထောင်ဒေသများတွင် စစ်ပွဲဖြစ်ပွားမှု နည်းပါးလာသည့်အတွက် ကျေးရွာများအနေဖြင့် ဆက်လက်လုပ်ဆောင်ရန် ကျန်ရှိနေသော စီမံကိန်းလုပ်ငန်းခွဲများကို ဆက်လက် အကောင်အထည် ဖော်ဆောင်ရွက်လိုကြောင်း တင်ပြလာမှုများရှိနေပါသည်။ လက်ရှိ ကျန်ရှိနေသော လက်ထောက်နည်းပညာမှူး(၉)ဦး၊ လူထုစည်းရုံးရေးမှူး(၃၀)ဦးတို့ဖြင့် ဒေသတည် ငြိမ်မှုအပေါ် အခြေ ခံ၍ လုပ်ငန်းခွဲများစတင်အကောင်အထည်ဖော် ဆောင်ရွက်လျှက်ရှိပါသည်။

**၁၅။ အထောက်အပံ့လိုအပ်ချက်များ**

**၃၁။ (က) နည်းပညာ**

**ပျော်ဘွယ်မြို့နယ်**

လုပ်ငန်းများ အမြန်စတင်ဆောင်ရွက်နိုင်စေရေး၊ **TF**များ **Design & Estimate** များ အခက်အခဲမရှိစေရေးအတွက် တိုင်းဒေသကြီးမှ ကြီးကြပ်ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

**ကျောက်ကြီးမြို့နယ်**

ကျောက်ကြီးမြို့နယ်တွင် အချို့သော လုပ်ငန်းများမှာ အချိန်မှီပြီးစီးရန်ကြန့်ကြာမှုများ ရှိနေသည့်အတွက် တိုင်းဒေသကြီးအင်ဂျင်နီယာမှ အနီးကပ်ပံ့ပိုးမှုများ လိုအပ်လျှက်ရှိပါသည်။

**ရွှေကျင်မြို့နယ်**

ရွှေကျင်မြို့နယ် အနေဖြင့် လျှပ်စစ်မီးလင်းရေးလုပ်ငန်း နှင့်ပတ်သက်၍ နည်းပညာပေး သင်တန်းများပံ့ပိုးပေးစေလိုပါသည်။

**ပျဉ်းမနားမြို့နယ်**

စတုတ္တနှစ် စက်ဝန်းအတွက် **TFs** များအား **Estimation** နှင့် အခြားလိုအပ်သည့် နည်းပညာ သင်တန်းပေးရန်လိုအပ်ပါသည်။ **CFs/TFs များအတွက် O&M သင်တန်းများနှင့် Phase Out သင်တန်းများ**ပေးရန်လိုအပ်ပါသည်။

**ပေါက်မြို့နယ်**

ပေါက်မြို့နယ်မှ တင်ပြထားသည်မှာ မီးလင်းရေးလုပ်ငန်းများအတွက် နည်းပညာပေး သင်တန်းများ ပံ့ပိုးပေးစေလိုပါကြောင်း၊ တံတားငယ် တည်ဆောက်ခြင်း၊ ပေ(၄၀)အထက် ရေကျော် တည်ဆောက်ခြင်း လုပ်ငန်းတို့အတွက် နည်းပညာ သင်တန်းများ လိုအပ်ပါကြောင်း အစီရင်ခံ တင်ပြအပ်ပါသည်။

**ထီးလင်းမြို့နယ်**

Union Infra Team မှလာရောက်စစ်ဆေး၍ လိုအပ်သည်များကို လမ်းညွှန်မှုပြုလုပ် စေလိုပါ သည်။ Union M&E များ အနေဖြင့် အခါအားလျှော်စွာ ကွင်းဆင်းလေ့လာပြီး လိုအပ်သည်များကို ဆွေးနွေးခြင်း၊ အကြံပြုခြင်းများ ဆောင်ရွက်စေလိုပါသည်။ Union Finance နှင့် Procurement များ မှလည်း စီမံကိန်းမြို့နယ်များသို့ ကွင်းဆင်းလေ့လာပြီး လိုအပ်သည်များကို ကူညီပံ့ပိုးပေးခြင်း၊ လမ်းညွှန် ပေးခြင်းများ ပြုလုပ်စေလိုပါသည်။ ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းပေး ခြင်းများကို ပိုမိုဆောင်ရွက်စေလိုပါသည်။

**ဆောမြို့နယ်**

လက်ထောက်နည်းပညာမှူးများအတွက် Auto CAD 2D/3D ပညာရပ်များ၊ နည်းပညာများ လိုအပ် နေပါကြောင်း တင်ပြအပ်ပါသည်။ TF များအတွက် ရေပေးရေးလုပ်ငန်းများ၊ Steel structure လုပ်ငန်းများ၊ မီးလင်းရေးလုပ်ငန်းများ Estimate တွက်ချက်ခြင်းသင်တန်းများ ပေးရန်လိုအပ်ကြောင်း တင်ပြအပ် ပါသည်။

**ဆီဆိုင်မြို့နယ်**

ဆီဆိုင်မြို့နယ်တွင် လူထုစည်းရုံးရေးမှူးများအား အခြေခံ ကွန်ပျူတာသင်တန်းများ စီစဉ်ပို့ချ ပေးနိုင်ရန်လိုအပ်ပါသည်။

**မောက်မယ်မြို့နယ်**

မောက်မယ်မြို့နယ်၌ ကျေးရွာလူဦးရေကောက်ခံရာတွင် အခက်အခဲများ တွေ့ရပါသည်။ အကြောင်းမှာ ရွေးကောက်ပွဲအတွက် စာရင်းကောက်ခံခြင်းနှင့် အချိန်တိုက်ဆိုင်နေခြင်းကြောင့် ဖြစ်ပါ သည်။ Presentation ပိုင်းတွင်Powerpoint and Vedio Clip ပြုလုပ်ရာတွင် အားနည်းမှုများ ရှိခဲ့သည်။

**မဘိန်းမြို့နယ်**

မဘိန်းမြို့နယ်အနေဖြင့် Update format စီမံကိန်း စာရွက်စာတမ်းများ ရှိပါက အချိန်မီ ရရှိနိုင်ပါက ပိုမို အဆင်ပြေ အောင်မြင်မည် ဖြစ်ပါသည်။

**လှိုင်ကော်+ရှားတောမြို့နယ်**

စီမံကိန်းလုပ်ငန်းခွဲများ တွက်ချက်ရာတွင် အဆောက်အဦ ဧရိယာဈေးနှုန်း(PAErate) နည်းသောကြောင့် ကန်ထရိုက်များရှာဖွေရာတွင် ခက်ခဲခြင်းများ ကြုံတွေ့ရပါသည်။

**ဖားဆောင်း+ဘောလခဲ+မယ်စဲ့မြို့နယ်**

စတုတ္ထနှစ်စက်ဝန်းအတွက် နည်းပညာစည်းရုံးရေးမှူး(ဝန်ထမ်း)များသည် အသစ်များဖြစ်ခြင်းကြောင့် သက်ဆိုင်ရာ မြို့နယ်အင်ဂျင်နီယာများ၊ ပြည်နယ်အင်ဂျင်နီ ယာများမှ နည်းပညာ ပိုင်းဆိုင် ရာများ အထူးအကူအညီပေးနိုင်ပါရန် တင်ပြတောင်းဆိုအပ်ပါသည်။ လုပ်ငန်းခွဲခန့်မှန်း ကုန်ကျ စရိတ် နှင့် ဒီဇိုင်းများ တွက်ချက်နေသည့်အချိန်တွင် သက်ဆိုင်ရာမြို့နယ်အင်/ယာများမှ ဝိုင်းဝန်း အကြံပေး ပြုလုပ်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။ အထူးသဖြင့် စီမံကိန်းလုပ်ငန်းခွဲ အကောင်အထည် မဖော်မီ ပြင်ဆင်သည့်ကာလနှင့် လုပ်ငန်းခွဲများ အကောင်အထည်ဖော်နေစဉ်အတွင်း အနီးကပ် ကြီးကြပ်မှုများ ပြုလုပ်ပေးနိုင်ပါရန် တင်ပြတောင်းဆိုအပ်ပါသည်။

**ပုဏ္ဏားကျွန်း**

ကျေးရွာများတွင်ကျွမ်းကျင်လုပ်သားရှားပါးမှုရှိနေပါသည်။ ကျွမ်းကျင်လုပ်သားများ ရရှိနိုင်ပါက လုပ်ငန်း လုပ်ဆောင်ရာတွင် အရည်အသွေးပို ကောင်းသော လုပ်ငန်းခွဲများရရှိနိုင်မည်။

**ဝွမြို့နယ်**

လက်ထောက်နည်းပညာမှူးများအတွက် Auto CAD သင်တန်း

**ပလတ်ဝမြို့နယ်**

ဆက်လက်တာဝန်ထမ်းဆောင်လိုသည့် ဝန်ထမ်းများကို အောက်တိုဘာလအတွင်း ထပ်မံသက်တမ်းတိုးခန့်ထားပြီးနောက်ပိုင်းတွင် စီမံကိန်းလုပ်ဆောင် ရန်ကျန် ရှိနေသည့် ကျေးရွာများတွင် ထပ်မံနေရာချခန့်အပ်ပြီး ကျေးရွာအတွင်း ဆောင်ရွက်ကြမည့် စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်ဆောင်ရာတွင် လိုအပ်သော နည်းပညာများကို အထောက်အကူပေး အကောင်အထည် ဖော်ဆောင် သွားမည်ဖြစ်သည်။ ကျေးရွာများတွင် ကျွမ်းကျင်လုပ်သားရှားပါးမှု ရှိနေပါသည်။ ကျွမ်းကျင် လုပ်သားများ ရရှိနိုင်ပါက လုပ်ငန်းလုပ်ဆောင်ရာတွင် အရည်အသွေးပို ကောင်းသော လုပ်ငန်းခွဲများ ရရှိ နိုင်မည်။

**မတူပီမြို့နယ်**

အသေးစားရေအား လျှပ်စစ်စီမံကိန်းများအတွက် နည်းပညာပိုင်းဆိုင်ရာ တွက်ချက်မှု သင်တန်း များ ဖွင့်လှစ်ပို့ချပေးစေလိုပါသည်။

**တွန်းဇံမြို့နယ်**

လက်ထောက်နည်းပညာမှူးများအား Auto card training, Water, Electricity, စသည့်များနှင့်ပတ်သတ်သည့် လက်တွေ့သင်တန်းများ၊ Engineering equipment tools အသုံးပြုမှု များကို သင်တန်းများ ဆောင်ရွက်ပေးပါရန်။

**ပူတာအိုမြို့နယ်**

လက်ထောက်နည်းပညာမှူးများအတွက် AutoCAD သင်တန်း လိုအပ်လျက်ရှိပါသည်။

**မိုးကောင်းမြို့နယ်**

နောက်ဆုံးနှစ်စီမံကိန်းစက်ဝန်းတွင်ပြည်နယ်အဆင့်မှ TF များအား Design, Estimate များတွက်ချက်ရာတွင်ကူညီပေးစေလိုပါသည်။

**(ခ) စီမံကိန်း အသုံးအဆောင်ပစ္စည်း**

**ငါန်းဇွန်မြို့နယ်**

စီမံကိန်းရုံးဆိုင်ကယ်များအား မပျောက်ပျက်အောင် သံကြိုးနှင့်ပတ်ပြီး တိတ်ပိတ်ကာ သော့ခတ်ထားရန် (ရုံးချုပ်)သို့ တင်ပြထားပါသည်။ ရုံးသုံး ပုံသေပိုင်ပစ္စည်းများကို(ရုံးချုပ်)၏ ညွှန်ကြား ချက်အတိုင်း တိုင်းရုံးမှ စစ်ဆေးရေးအဖွဲ့၏ တွေ့ရှိချက်အတိုင်း ဆောင်ရွက်ထားပါသည်။

**ညောင်ဦးမြို့နယ်**

မီးစက်နှင့် မိတ္တူကူးစက်အတွက် လိုအပ်သော ပစ္စည်းများ လဲလှယ်ရန်အတွက် ပြင်ဆင်စရိတ် လိုအပ်ပါသည်။

**ပျော်ဘွယ်မြို့နယ်**

Laptop Computer License expired ဖြစ်ပေါ်နေ၍ ကုမ္ပဏီနှင့် ဆက်သွယ်ပြီး**Software Update** ပြုလုပ်သွားပါမည်။ စီမံကိန်းလုပ်ငန်းသုံးရန် ပံ့ပိုးထားသော **TOYOTA Double Cab** ကားမှ တာယာ (၂)လုံး လဲလှယ်ခွင့် တင်ပြသွားပါမည်။

**ပေါင်မြို့နယ်**

ပျက်စီးနေသောTablet (၁၁)လုံးအား အစားထိုး Tablet များအမြန်ဆုံး ပြန်လည်ပေးစေလိုပါ သည်။ ပထမနှစ် ဒုတိယနှစ် တတိယနှစ်စက်ဝန်းများအတွက် စာရွက်စာတမ်းများထည့်ရန် Plastic Box နှင့် အဆင်မပြေသည့်အတွက် ဗီဒိုများ လိုအပ်ပါသည်။

**ပျဉ်းမနားမြို့နယ်**

လက်ရှိ Infra File များထားရှိရန်အတွက်ဗီဒိုများလိုအပ်ပါသည်။

**တနင်္သာရီမြို့နယ်**

ပြည်ထောင်စုအဆင့် စီမံကိန်းတာဝန်ခံများမှ လိုအပ်သောလမ်းညွှန်မှုများ ပံ့ပိုးပေးစေ လိုပါသည်။

**ကွမ်းခြံကုန်းမြို့နယ်**

ဝန်ထမ်းများအားTablet (၃၅)လုံးပေးထားပြီး Tablet (၂၂)လုံးပျက်စီး၊ (၁)လုံးပျောက်ဆုံး နေပါ သဖြင့် ပျက်စီးနေသော (၂၂) လုံးအား အမြန်ဆုံး ပြန်လည်ပြင်ဆင် ပေးနိုင်ပါက ပိုမို ကောင်းမွန် ပါမည်။ သို့မှသာ ဒေတာသွင်းခြင်းအား နှောင့်နှေးမှု မရှိမှာ ဖြစ်ပါသည်။ ကျန်ရှိသော ကောင်းမွန်သည့် Tablet (၁၀) လုံးနှင့် ဒေတာများသွင်းယူရန်မှာ အချိန်မီ ပြီးစီးရန် အလွန်အခက်အခဲဖြစ်နေပါသည်။ တိုင်းရုံးခွဲမှ တစ်ဆင့် Union Team သို့ တင်ပြသွားမည် ဖြစ်ပါသည်။ စီမံကိန်းစက်ဝန်းပြီးစီးသည်မှာ (၃)နှစ် ရှိပြီ ဖြစ်သောကြောင့် ဖိုင်တွဲများထားရှိရန် နေရာများ စီစဉ်ပေးသင့်ပါသည်။ (ဥပမာ။ တစ်နှစ်စာအတွက် ဖိုင်တွဲများထားရှိရန် သော့ခတ်၍ရသော ဘီဒိုများ တစ်နှစ်လျှင် Sector တစ်ခုအတွက် အနည်းဆုံး တစ်လုံးခန့် လိုအပ်ပါသည်။ (Finance, M & E, Procurement and Infra Sector များအတွက်))

**ခနုဖြူမြို့နယ်**

စီမံကိန်းပြီးဆုံးသွားသည့်အချိန်နှင့် စီမံကိန်းဆောင်ရွက်နေစဉ်အတွင်း အသုံးပြုထားသော ဖိုင်များ အား စနစ်တကျထိမ်းသိမ်းထားရန်အတွက် ဖိုင်စင်များ အချိန်မှီ ပံ့ပိုးပေးရန်။

**အင်္ဂပူမြို့နယ်**

စီမံကိန်းစက်ဝန်း တစ်နှစ်ပြီးမြောက်ပြီဖြစ်သဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဖိုင်များသိမ်းဆည်း ဖို့ရန် နေရာလိုအပ်ပါသည်။

**ဆီဆိုင်မြို့နယ်**

ဆီဆိုင်မြို့နယ် အနေဖြင့်စီမံကိန်း လုပ်ငန်းသုံး Nikon ကင်မရာတစ်လုံးမှာ Focus မပြတ်သား သဖြင့် ပြုပြင်နိုင်ရန် ရုံးချုပ်သို့ (၁၂.၁၂.၂၀၁၈) ရက်နေ့တွင် တင်ပြထားပါသည်။ စီမံကိန်း သတင်း အချက်အလက် ဆိုင်ရာထည့်သွင်းအသုံးပြုသည့် SAMSUNG TABLET (၃) လုံး ပျောက်ဆုံးပြီး (၅)လုံး ပျက်စီးခြင်းနှင့် ဆိုင်ကယ်တစ်စီး ပျောက်ဆုံးမှုရှိသဖြင့် ပြည်ထောင်စု အဆင့် ဝယ်ယူရေးသို့ လုပ်ငန်း စဉ်အတိုင်း တင်ပြကာ ပျောက်ဆုံးသွားသော ဆိုင်ကယ်တစ်စီးနှင့် Tablet (၃)လုံးအား လမ်းညွှန်ချက်အတိုင်း ပြန်လည်ပေးဆပ် ဆောင်ရွက်လျှက် ရှိပါသည်။

**မိုင်းခတ်မြို့နယ်**

မိုင်းခတ်မြို့နယ်တွင် စီမံကိန်းလုပ်ငန်းခွဲ ဒီဇိုင်းနှင့်တွက်ချက်မှုများအား Print အချိန်မီ ထုတ်နိုင် ရန် ဒေသတွင်း အသုံးများသော Cartridge အလွယ်တကူ ဝယ်ယူဖြည့်တင်းနိုင်သော Printer (၁) လုံး ပံ့ပိုးပေးနိုင် ပါက ပိုမိုအဆင်ပြေမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**လှိုင်ကော်+ရှားတောမြို့**

Projector စက်ပျက်နေသည့်အတွက် သင်တန်းများပေးရာတွင်လည်းကောင်း၊ အစည်း အဝေး ပြုလုပ်ရာတွင်လည်းကောင်း၊ အနည်းငယ်အခက်အခဲများရှိခဲ့ပါသည်။

**ဖားဆောင်း+ဘောလခဲ+မယ်စဲ့မြို့နယ်**

မော်တော်ဆိုင်ကယ်အကြီး (HONDA-DT-125) နှစ်စီးအား ပြန်လည်ပြင်ဆင်နိုင်ရေး ပြည်ထောင် စု အဆင့်မှ ကူညီဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ ဗီဒီယိုကင်မရာသည် လက်ရှိအချိန်ထိ မရောက် ရှိသေးသောကြောင့် ပံ့ပိုးမည့် အစီအစဉ်ရှိပါက အမြန်ဆုံးပံ့ပိုးပေးနိုင်ပါရန် တင်ပြအပ်ပါသည်။ စီမံကိန်းမှ ပံ့ပိုးပေးသော TVS အမျိုးအစားမော်တော်ဆိုင်ကယ်သည် အင်ဂျင်ပါဝါ (110 cc)သာ ရှိသော ကြောင့် မော်ချီးဒေသသို့ သွားသည့်အခါ တောင်မတက်နိုင်ခြင်းနှင့် ကြုံတွေ့ရသောကြောင့် ၎င်းအစား အင်ဂျင်ပါဝါ (125 cc)(ဥပမာ- တရုတ် kenbo 125) အမျိုးအစားထောက်ပံ့ပေးနိုင်ပါက ပိုမိုအဆင်ပြေ မည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

**ပလတ်ဝမြို့နယ်**

မိုးနှောင်းပိုင်းနောက်ပိုင်းတွင် မြစ်ရေတိမ်မှုများ ဖြစ်နိုင်ပြီးပစ္စည်းများ သယ်ယူရာတွင် လည်းကောင်း လိုအပ်သော ပစ္စည်းများအချိန်မီ ရောက်နိုင်မှုအခက် အခဲကြုံတွေ့လာနိုင်ပါသည်။ မြို့နယ်အတွင်း လမ်းများ အလိုက် မြို့နယ်အနေဖြင့် သယ်ယူပို့ဆောင်ရေး ဈေးနှုန်းများကို သတ်မှတ် ကြပ်မတ်ပေးနိုင်ပါက ပိုမို အဆင် ပြေနိုင်ပါမည်။

**တွန်းဇံမြို့နယ်**

ဆိုင်ကယ် အရံထားရှိပေးရန် (125)ကျေးရွာများအတွက် ထပ်မံလိုအပ်သည့် ဗွီနိုင်းများ ပံ့ပိုးပေးပါရန်။

**မိုးကောင်းမြို့နယ်**

Samsung Copier နှင့် Samsung Printer စက်များပြုပြင်ပေးစေလိုပါသည်။

**(ဂ) ဝန်ထမ်းအခြေအနေ**

**ငါန်းဇွန်မြို့နယ်**

စီမံကိန်းရုံးဆိုင်ကယ်များအား ထိန်းသိမ်းနိုင်ရန်အတွက် ပုတ်ပြတ်(ညစောင့်)တစ်ဦး(ရုံးချုပ်)သို့ တင်ပြ ထားပါသည်။

**ညောင်ဦးမြို့နယ်**

ဖြူကြီးအုပ်စု လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ရန် အတွက် လူထုစည်းရုံးရေးမှူး တစ်ဦးနှင့် လက်ထောက်နည်းပညာမှူး တစ်ဦးခန့်အပ်ထားလျက် ရှိပါသည်။

**ပျဉ်းမနားမြို့နယ်**

လစ်လပ်နေသည့် TFတစ်ဦးနေရာတွင် အစားထိုးခန့်ထားရန်အတွက် Vacancy Announcement ထွက်ရှိပါသည်။ Januaryတတိယအပတ်တွင် အစားထိုးခန့်ထားရန် ထားရှိပါသည်။ ရုံးတွင်းရုံးပြင် သန့်ရှင်းရေးနှင့် အထွေထွေလိုအပ်ချက်များအတွက် သန့်ရှင်းရေးလုပ်သားတစ်ဦးခန့်ထားရန် လိုအပ်ပါသည်။ ကျင်းပပြီးစီးခဲ့သည့် Quarterly Meetingတွင်လည်း တင်ပြခဲ့ပါသည်။

**ကွမ်းခြံကုန်းမြို့နယ်**

ဘဏ္ဍာရေးပိုင်းတွင် နေပြည်တော်အနေဖြင့် သက်ဆိုင်ရာကဏ္ဍများအတွက် အစည်းအဝေးများ၊ သင်တန်းများပြုလုပ်ရန် လျာထားသော အစီအစဉ်များအား မြို့နယ်များသို့ သုံးလပါတ် ဘဏ္ဍာရေးအစီအစဉ်မဆွဲမီ ကြိုတင်ပေးပို့စေလိုပါသည်။ သို့မှသာ ဘဏ္ဍာရေးအစီအစဉ်အတွက် ပိုမိုမှန်ကန် လာစေပါမည်။ (အထူးသဖြင့် CSAG ၏ ၃လ အတွင်း ဆောင်ရွက်မည့် အစည်းအဝေး၊ သင်တန်း၊ ပြပွဲများ) ဝန်ထမ်းများထွက်သွားပါက အမြန်ဆုံးပြန်လည် ဖြည့်တင်းပေးစေလိုပါသည်။

**ပေါက်မြို့နယ်**

ပေါက်မြို့နယ်အနေဖြင့် Civil အင်ဂျင်နီယာ တစ်ဦး ထပ်မံခန့်ထားပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**ဆောမြို့နယ်**

ဝန်ထမ်းများ အတွက် အသက်အာမခံ ထားရှိပေးရန် (ခန္ဓာကိုယ် အစိတ်အပိုင်းများ အားလုံး အတွက်)၊ ဝန်ထမ်းများအတွက် လိုအပ်သော သင်တန်းများ ထပ်မံပေးစေလိုကြောင်း တင်ပြအပ်ပါ သည်။ (ဥပမာ-ကွန်ပျူတာ သင်တန်း၊ အင်္ဂလိပ်စာ စကားပြောသင်တန်း၊ 2D/3D Audo CAD သင်တန်း များ)

**အင်္ဂပူမြို့နယ်**

Infra Counterpart တစ်ဦးလိုအပ်ပါကြောင်း တင်ပြအပ်ပါသည်။

**ဆီဆိုင်မြို့နယ်**

ဆီဆိုင်မြို့နယ်၌ လစ်လပ်လျက်ရှိသော DRD finance/ infra counterpart (၂) လစ်လပ်လျက်ရှိပါသည်။

**မဘိမ်းမြို့နယ်**

မဘိမ်းမြို့နယ်တွင် အမည်မပေါက်ကျေးရွာ ထက်တိုး (၉) ရွာ အတွက် CFs -၁ ဦး/TFs ၁ ဦး စုစုပေါင်း (၂) ဦး လိုအပ်လျက် ရှိပါသည်။

**ပူတာအိုမြို့နယ်**

လူထုဗဟိုပြုစီမံကိန်းတွင် တာဝန်ချထားပေးသော ကျေးလက်ဦးစီးမှ ဝန်ထမ်းများ စီမံကိန်းတွင် အချိန်ပိုပေးနိုင်ရန်အတွက် ဝန်ထမ်းအင်အား ထပ်မံချထားပေးရန် လိုအပ်ပါသည်။

**ဖားဆောင်း+ဘောလခဲ+မယ်စဲ့မြို့နယ်**

ပြည်ထောင်စုအဆင့်မှလည်း ကွင်းဆင်းဝန်ထမ်းများ အပြောင်းအလဲမများရန်အတွက် ဝန်ထမ်းများ၏ စိတ်ပိုင်းဆိုင်ရာ တက်ကြွမှုရှိစေရန်လိုအပ်သော အစီအစဉ်များရေးဆွဲပြီး အကောင်အထည်ဖော် ပေးပါရန် တင်ပြအပ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အချို့သော counterpart များ ကိုလည်း လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများတွင် ပိုမိုပါဝင်ကူညီလုပ်ဆောင်နိုင်ရန်အတွက် ပြည်ထောင်စု အဆင့်နှင့် ပြည်နယ်အဆင့်မှ ကူညီပေးရန် တင်ပြအပ်ပါသည်။

**၁၆။ ပြည်နယ်/တိုင်း နှင့် မြို့နယ်များ၏ အကြံပြုချက်များ**

**ကနီမြို့နယ်**

ကနီမြို့နယ် လူထုဗဟိုပြုစီမံကိန်းသည် အထောက်အပံ့လိုအပ်ချက် အကြံပြုချက်တွင် ကျားမ ရေးရာ သင်တန်းနှင့် ပတ်သက်သော သင်ရိုးများအား အသစ်ထပ်မံပြောင်းလဲ ပေးစေလိုပါသည်။

**လှိုင်းဘွဲ့မြို့နယ်**

ရှမ်းရွာသစ်နှင့် ပိုင်ကျုံမြို့တွင် ရုံးထိုင်သော KNUတပ်မဟာ(၇)၏ တာဝန်ရှိသူများနှင့် ရုံးချုပ်မှ စီမံကိန်းတာဝန်ခံများ ပုံမှန်တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ပေးပါရန် အကူအညီ တောင်းခံ အပ်ပါသည်။ စီမံကိန်းလုပ်ငန်းခွဲ သိန်း၄၀၀ အထက်လုပ်ငန်း(၁)ခုပါဝင်နေပါသဖြင့် လုပ်ငန်း စီစစ်မှုများ အဆင့်ဆင့် ဆောင်ရွက်ရမည်ဖြစ်သောကြောင့် နှောင့်နှေးကြန့်ကြာမှု ဖြစ်ပေါ်နိုင်ပါသည်။ ပိုမိုမြန်ဆန်မည့် နည်းလမ်းများအားလမ်းညွှန်ပေးပါရန် တင်ပြအပ်ပါသည်။

မြိုင်ကြီးငူအထူးဒေသတွင် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေရာတွင် ကျေးရွာကော်မတီ ဖွဲ့စည်းမှု မတည်ငြိမ်နိုင်ခြင်း၊ အပြောင်းအလဲများ မကြာခဏဖြစ်ပေါ်နေခြင်း၊ ကော်မတီများနှင့် ဒေသနေလူထုသည် ဦးဆောင်သော အလေ့အထများ အားနည်းခြင်း၊ ပူးပေါင်းပါဝင်လိုသော စိတ်သဘောများ အားနည်းခြင်း အကြား လုပ်ငန်းအကောင်အထည်ဖော်နေရသည်မှာ ကြန့်ကြာမှု၊ စီမံကိန်း ရည်ရွယ်ချက်ကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ခက်ခဲလှပါသည်။ ဒေသတွင်း လွှမ်းမိုးနိုင်သော ဘာသာရေး ခေါင်းဆောင်များ (ဂေါပက အဖွဲ့)၏ စီမံကိန်းအပေါ် အပြုသဘောဆောင်သော အမြင်သဘောထားများ ပြောင်းလဲလာရန် အထူးလို အပ်လျှက်ရှိသည်။

မြိုင်ကြီးငူအထူးဒေသနှင့် ရင်းဘိုင်းကျေးရွာအုပ်စုသည် လှိုင်းဘွဲ့မြို့နယ်စီမံကိန်းစက်ဝန်း ဒုတိယနှစ်မှ အကောင်အထည်ဖော်နိုင်သော (EAO များမှ ခွင့်ပြုခဲ့သည်) ကျေးရွာအုပ်စုများ ဖြစ်သော် လည်း Block Grant ပံ့ပိုးမှု ပုံစံကွဲလွဲခြင်းများရှိခဲ့သည့် အတွက် လူထုနားလည်စေရန် ရှင်းပြနိုင်မည့် နည်းလမ်းများအား တိကျသေချာစွာလမ်း ညွှန်ရှင်းလင်းပေးစေ လိုပါသည်။ (မြိုင်ကြီးငူ အထူးဒေသ သည် ပြောင်းလဲထားသော Block grant amount အတိုင်းရထားပြီး စီမံကိန်းကာလမှာ ၃နှစ် ဆောင်ရွက်ခွင့်ပြုခြင်း/ ရင်းဘိုင်းကျေး ရွာအုပ်စုမှာ ယခင် Block Grant Amount အတိုင်း ရထားပြီး စီမံကိန်း ကာလမှာ ၄နှစ် ဆောင်ရွက်ခွင့် ပြုခြင်း စသည့်မတူညီသော အခြေအနေ ရှိနေပါသည်။)

**ကော့ကရိတ်မြို့နယ်**

စီမံကိန်းကျေးရွာများရှိကော်မတီဝင်များအမြင်ပွင့်၊ ဗဟုသုတတိုးပွားလာစေရန်အခြားမြို့နယ် များသို့ လေ့လာရေးခရီး ပို့ပေးစေလိုပါသည်။

**ညောင်ဦးမြို့နယ်**

ကျေးရွာတွင် ထားရှိရမည့် ဖိုင်များ လွှဲပြောင်းရေး အစီအစဉ်အား စနစ်တကျ မည်သို့ဆောင်ရွက်ရမည်ကို ညွှန်ပြပေးသင့်ပါသည်။

**ရမည်းသင်းမြို့နယ်**

လုပ်ငန်းဆောင်ရွက်နေချိန်ဖြစ်သောကြောင်း လစ်လပ်နေသော လူထုစည်းရုံးရေးမှူး (၂)ဦး အတွက် အမြန်ပြန်လည်ခန့်အပ်ပေးနိုင်ရေး ရုံးချုပ် သို့တင်ပြထားပါ သည်။ စီမံကိန်း နောက်ဆုံးနှစ် ဖြစ်ပြီး ထောက်ပံ့ငွေ (ဂ) ဖြစ်အောင် သုံးရမည် ဖြစ်သောကြောင့် လုပ်ငန်းများ ရွေးချယ်ရာတွင် အချို့ကျေးရွာများ၌ အခက်အခဲရှိပါသည်။ နောက်ဆုံးနှစ်ဖြစ်ပြီး ကျေးရွာ လုပ်ငန်းခွဲများကို လူထုလုပ်အားဖြင့် ဆောင်ရွက်လိုသော်လည်း လမ်းလုပ်ငန်းများအတွက် လမ်းကြိတ် စက်ငှားရမ်းရာတွင် အခက်အခဲ ရှိပါ သည်။

**ပျော်ဘွယ်မြို့နယ်**

စီမံကိန်းစတုတ္ထနှစ်စက်ဝန်း စတင်ချိန်တွင် စီမံကိန်းလက်စွဲ (**Operation Manual Update** ) မှ ပြုပြင်ရန် လိုအပ်ချက်များ ၊ ညွှန်ကြားချက်များ အသစ်များရှိပါက လုပ်ငန်းများ မစတင်မီအတွင်း အချိန် မီပေးပို့စေလိုပါသည်။ **Operation Manual Guidelines, M&E/MIS Update Software,KE Refresher Training Etc…** အခြားမြို့နယ်များနည်းတူ **Procurement Assistance** (၁)ဦးခန့်ထား ပေးနိုင်ပါက လစဉ်ပေးပို့ရမည့် **Procurement MIS Report** အချိန်မီ ပေးပို့နိုင်ပါမည်။

**နွားထိုးကြီးမြို့နယ်**

စတုတ္ထနှစ်စက်ဝန်း လုပ်ငန်းများဆောင်ရွက်ပြီးချိန် ၂၀၂၀ နှစ်လယ်ခန့်တွင် မြို့နယ်အဆင့် လည်ပတ်ပြုပြင်ထိန်းသိမ်းရေးကော်မတီဝင်များ၏ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ၍ ဆွေးနွေး ဖော်ထုတ်သင့်ပါသည်။

**ချောင်းဆုံမြို့နယ်**

ဆောင်ရွက်ရန်ကျန်ရှိသော စီမံကိန်းလုပ်ငန်း(၃)ခုအား အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပူးပေါင်းဆောင်ရွက်ပေးစေလိုပါသည်။

**ပေါင်မြို့နယ်**

စီမံကိန်းနောက်ဆုံးနှစ်များတွင် လုပ်ငန်းတစ်ဝက်တစ်ပျက်ဖြင့် ဝန်ထမ်းများ အလုပ်ထွက်သွားသည်များကို စာချုပ်ဖြင့် (သို့) နည်းလမ်းတစ်ခုခုဖြင့် ထိန်းချုပ်ပေးစေလိုပါသည်။ ငွေကြေး ချမ်းသာသော ကျေးရွာများ အစည်းအဝေးပြုလုပ်ရာတွင် စိတ်ဝင်စားမှုနည်းပါးခြင်း၊ အကြိမ်ကြိမ် ဖိတ်ခေါ်ရခြင်းများ ပြုလုပ်နေရပါသည်။ စီမံကိန်းအားစိတ်မဝင်စားသော ကျေးရွာများအား ရန်ပုံငွေပေးအပ်မှု မပြုလုပ်ပဲ လိုအပ်ချက်များသော ကျေးရွာများသာ ရန်ပုံငွေပေးအပ် စေလိုပါသည်။ သတင်းပြန်ကြား ဆက်သွယ်ရေး ပြပွဲများ အတွက် Budget ငွေများအား တောင်းခံရာတွင် အချိန်မှီ ခွင့်ပြုပေးပါရန်။

**ကျောက်ကြီးမြို့နယ်**

ကျောက်ကြီးမြို့နယ်အနေဖြင့် တိုင်းဒေသကြီးလူထုဗဟိုပြုစီမံကိန်းရုံးမှ မြို့နယ်များသို့ဆင်းပြီး ပံ့ပိုးကူညီမှုများ ပြုလုပ်ပေးစေလိုပါသည်။ (ဝယ်ယူရေး၊ Infra)

**ပန်းတောင်းမြို့နယ်**

ပန်းတောင်းမြို့နယ်အနေဖြင့် ပြည်ထောင်စုအဆင့်မှ (၃)လတစ်ကြိမ် လုပ်ငန်းညှိနှိုင်းမှုများ ကွင်းဆင်းဆောင်ရွက်ပေးစေလိုပါသည်။

**ရွှေကျင်မြို့နယ်**

ရွှေကျင်မြို့နယ်၊ လူထုဗဟိုပြုစီမံကိန်းမှ အကောင်အထည်ဖော် ဆောင်ရွက်လျှက်ရှိသည့် စီမံကိန်းလုပ်ငန်းခွဲများအနက်မှ ပညာရေးဆိုင်ရာ စီမံကိန်းလုပ်ငန်းခွဲ များသည် မြို့နယ်အဆင့်တွင် သာမက တိုင်းဒေသကြီးအဆင့် ထိတင်ပြရသည်ဖြစ်သဖြင့် နှောင့်နှေးကြန့်ကြာမှုများ ရှိနေသည့် အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့်မှ ပံ့ပိုးကူညီပေးပါရန်လေးစားစွာဖြင့် တင်ပြတောင်းဆိုပါသည်။

**ပျဉ်းမနားမြို့နယ်**

နောက်ဆုံးနှစ်ဖြစ်သည့်အတွက် ကျေးရွာဖိုင်များ၊ VDP စာအုပ်များ လုံခြုံစွာသိမ်းဆည်းထား နိုင်ရေးအတွက် သင့်တော်သည့် ဗီဒိုများအချိန်မှီ ခွင့်ပြုသင့်ပါကြောင်း တင်ပြအပ်ပါသည်။

**တနင်္သာရီမြို့နယ်**

သက်ဆိုင်ရာ မြို့နယ်နည်းပညာအကြံပေးများအနေဖြင့် အပြောင်းအရွှေ့များရှိပါက ကဏ္ဍ အလိုက် လွှဲပြောင်းပေးအပ်မှုများကို စနစ်တကျပြုလုပ်ခဲ့ပါက ဆက်လက်တာဝန်ယူရသော ဝန်ထမ်းများ အနေဖြင့် ပိုမိုအဆင်ပြေနိုင်ပါသည်။ ထို့ကြောင့် ပြည်ထောင်စုအဆင့်မှ စနစ်တကျ လွှဲပြောင်း ပေးအပ်နိုင်မည့် နည်းလမ်းများ ပံ့ပိုးပေးပါက ပိုမိုအဆင်ပြေနိုင်ပါသည်။ (ဥပမာ- နှစ်အလိုက် မြို့နယ်အဆင့်နှင့် ကျေးရွာအဆင့်၊ MIS တွင်ထားရှိရမည့် မှတ်တမ်းများ၊ စာရွက် စာတမ်းများ(Soft & Hard) များအား မိမိတာဝန်ယူခဲ့သည့် ကာလအလိုက် လွှဲပြောင်းပေးအပ်ခြင်း)

**ကော့မှူးမြို့နယ်**

ဈေးနှုန်းစုံစမ်းမှုကာလအား(၃)ရက်(သို့) (၇)ရက်သာ ဖြစ်စေချင်ပါသည်။ သက်ဆိုင်ရာဌာနမှ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် လည်ပတ်ထိန်းသိမ်းရေးကော်မတီကို လုပ်ငန်းလုပ်ဆောင်ရန် တိုက်ရိုက် တာဝန် ပေးအပ်ခြင်း၊ စိစစ်ခြင်းများပြုလုပ်သင့်ပါသည်။ စောင့်ကြည့်ကြီးကြပ်ရေးသင်တန်းအား စနစ်တကျ သင်ကြားပေးသင့်ပါသည်။

**ကျောက်တန်းမြို့နယ်**

ပျက်စီးနေသော ပစ္စည်းများအား အမြန်ဆုံး ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။ ကျေးရွာများ၏ လက်ကျန်ငွေ (၀) ဖြစ်သည့်အတွက် တိုင်းဒေသကြီးအနေဖြင့် အနီးကပ်ကြီးကြပ် ပံ့ပိုးပေးစေချင်ပါသည်။

**ပေါက်မြို့နယ်**

စီမံကိန်း စက်ဝန်းတိုင်းတွင် လည်ပတ်ထိန်းသိမ်းရေး သင်တန်းများ ပေးစေလိုပါကြောင်း၊ စီမံကိန်း လွန်ကာလတွင် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ကြိုတင်ပေးစေလိုပါကြောင်း တင်ပြအပ်ပါ သည်။

**ဆောမြို့နယ်**

Operation Manualအား အချိန်နှင့်တပြေးညီ ပြန်လည်ပြင်ဆင်ချက် ပေးပို့ပါရန် လိုအပ်ကြောင်း၊ CSAG (TTA) အား (၄)နှစ် စီမံကိန်းပြီးသည်အထိ ထားရှိပေးစေလိုကြောင်း၊ Procurement refresher training အား ပြန်လည်ပို့ချပေးစေလိုကြောင်း တင်ပြအပ်ပါသည်။

**အင်္ဂပူမြို့နယ်**

ဆိုင်ကယ်ပျက်စီးမှုများတွင် လိုအပ်သည့်ပစ္စည်းများအား အချိန်မီမရရှိသည့် အခက်အခဲများ ကြုံတွေ့ ရပါသည်။ အင်္ဂပူမြို့နယ်အနေဖြင့် ဝန်ထမ်းအင်အားတွင် စီမံကိန်းလုပ်ငန်းခွဲများ များပြားသည့်အတွက် မြို့နယ် Infra Counterpart တစ်ဦးတည်းသာ ရှိသည့်အတွက် အခက်အခဲရှိကြောင်း Infra Counterpart တစ်ဦးလိုအပ်ပါကြောင်း တင်ပြအပ်ပါသည်။

**မဘိမ်းမြို့နယ်**

